www.burmeseclassic.com

# ပြည့်တန်ဆာ

နေဦးနိုင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပြည့်တန်ဆာ
လင်းဦးနိုင်

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသောခုနှစ် - ၂၀၁၃၊ စက်တင်ဘာလ
ပုံနှိပ်ထုတ်ဝေခြင်းအကြိမ် - ပထမအကြိမ်
အုပ်ရေ - ၁၅၀၀
ထုတ်ဝေသူ - ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ၊ အမှတ်(၃၆၀) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ပုံနှိပ်သူ - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်အော့ဖ်ဆက်[၁၀၀၇၀]၊ အမှတ်-၈၊ အိမ်ကြီးလမ်း၊ ၉-ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
မျက်နှာဖုံးပန်းချီ - ငအိမ်ထက်မြက်
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - မောင်နိုင်(ဝါးလည် society)
သူပုန်စာအုပ်တိုက်စာလုံး - အောင်သူရ
အတွင်းဖလင် - ပုံရိပ်ရှင်

ဂ၉၅.ဂ၃
လင်းဦးနိုင်
ပြည့်တန်ဆာ ။ လင်းဦးနိုင်၊
ရန်ကုန်၊ သူပုန်စာအုပ်တိုက် ၊ ပထမအကြိမ်၊ ၂၀၁၃။
၄၇ စာ၊ ၁၆. ၃ စင်တီ × ၂၁ စင်တီ
(၁)ပြည့်တန်ဆာ

တန်ဖိုး - ၁၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

**Millions of People are making love to corpses.**

**OSHO**

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဤစာအုပ်ရေးဖြစ်အောင် စတင်အကြံပေးတိုက်တွန်းပြီး၊ ရေးစဉ်တစ်လျှောက်လည်း
အမျိုးမျိုးဝေဖန်အကြံပေးခဲ့သော ကိုလှိုင်ထွန်းနိုင်၊ ကိုအောင်သူရ၊
မျက်နှာဖုံးပန်းချီနှင့် မျက်နှာဖုံးစာလုံးကို
မေတ္တာဖြင့်ရေးဆွဲပေးခဲ့သော ပန်းချီဆရာငှအိမ်ထက်မြက်၊
ကဗျာကိုအသုံးပြုခွင့်ပေးသော ကဗျာဆရာအောင်ရင်ငြိမ်းတို့ကို
အထူးတလည်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။


**လင်းဦးနိုင်**

www.burmeseclassic.com

www.burmeseclassic.com

# လွတ်လပ်တယ် မြွေရဲ့အမြီး
# တန်တရကမ်းခြေကိုပဲ စိတ်ထဲစွဲနေတယ်

အတွင်းကရန်သူဟာ
အပြင်ကနေတိုက်ခိုက်တယ်
စောစောကဝင်သွားတဲ့ မြွေရဲ့အမြီး




လိင်အင်္ဂါကို အတွင်းထဲကဆဲလ်တွေတုန်နေအောင် ကြိုးတုတ်ထား
အစောဆုံးကျွန်ဟာ ကလေးမဟုတ်
မျက်ဆံနက်နှစ်လုံးအပေါ်မှာကပ်နေတဲ့ မိန်းမမဟုတ်
လိင်အင်္ဂါဟာ လေကိုဖြည်းဖြည်းရှူနေတဲ့ ကျွန်တကာ့ကျွန်တို့ရဲ့
အစောဆုံးရုပ်ကြွင်း လူ့ဟာမျိုးဝေဝေ သူ့ပိုင်ဆိုင်မှုထဲကနေ
အရည်စစ်ထုတ်လိုက်တယ်
သုံးလို့အကောင်းဆုံးဟာ သတိတရားနည်းနည်းပါလာတဲ့ လိင်အင်္ဂါ
အရက်စက်ဆုံးစစ်တရားခံဟာ ဘယ်နှာခေါင်းဝမှာ လိင်အင်္ဂါ
အမေရိကမှာ အသက်ရှူလိုက်တိုင်း အေးကနဲ အေးကနဲ
ဒီမိုကရေစီဖြစ်ထွန်းတယ် မြန်မာနိုင်ငံမှာ
သက်ပြင်းကြီးကြီးတစ်ချက် ဗုဒ္ဓဘာသာထွန်းကားတယ်
ခေါင်းထဲမှာ တစ်ချက်ဝင်းကနဲဖြစ်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



'ငါ'ကလေနဲ့ဖိထိုးလိုက်တော့
'ငါ'ပဲဖောင်းကြွလာ
အပြင်ကအပ်နဲ့ငြိပြီး
'ငါ'ပေါက်သွားတယ်
တော်သေးလို့
'ငါ'ပူဖောင်းအသေးကလေးမို့
စောစောကဝင်သွားတဲ့ မြွေရဲ့အမြီး

Prayer
↑
LOVE
↑
SEX

လိင်အင်္ဂါဟာ မျက်နှာကအကြောတွေလျှော့သွားတဲ့
မီးဖိုချောင်ထဲက ညှိုးမွဲမွဲအဝတ်စ ဒါနဲ့များ
လူ့အခွင့်အရေးလို့အော်တုန်း လိင်အင်္ဂါမှာ
ထွက်နေသယောင်ယောင်ခံစားနေရတဲ့
တစ်အိမ်လုံးသုတ်ထားတဲ့ချေးတွေအထပ်ထပ် ဒါနဲ့များ
စွမ်းအင်တစ်ခုခေါင်းပေါ်ကနေထွက်နေသလိုလို
ကျွန်စနစ်ပျောက်သွားပြီလို့ပြောတုန်း လိင်အင်္ဂါဟာ
စွမ်းအင်တွေစုပ်ယူခံလိုက်ရတယ်လို့ ခံစားနေရတုန်း
နစ်ဆယ့်လေးနာရီလုံးလုံး အလုပ်လုပ်နေရတုန်း
ရမ္မက်သွေးတွေနဲ့ တစ်တောလုံး၌ လိင်အင်္ဂါဟာ
မျက်သားတွေစပ်စပ် တပ်ဆင်ခြင်းခံရတယ်
တစ်သက်လုံး ငယ်ထိပ်လှုပ် ကျွန်ဖြစ်ဖို့။ ။

**အောင်သူရ**

www.burmeseclassic.com

www.burmeseclassic.com

## လေးစားအပ်သော–ပြည့်တန်ဆာ

'လင်းဦးနိုင်'သည် ကျွန်ုပ်ကိုသူမနှင့်မိတ်ဆက်ပေးခဲ့သည်။ သို့သော်ကျွန်ုပ်သည် သူမ၏ နာမည်ကိုမျှမသိ။ သို့သော် 'လင်းဦးနိုင်' ပြောပြ၍ သူမအကြောင်းအနည်းငယ်မျှသာသိသည်။ သူမနှင့်ကျွန်ုပ်တွေ့ဆုံသောအခါတွင် သူမထံမှစီးဆင်းလာသောအားပြင်းသည့် စွမ်းအင်စီးကြောင်းကြီးတစ်ခုကိုခံစားလိုက်ရသည်။ ထိုစွမ်းအင်စီးကြောင်းကို ကျွန်ုပ်ထံမှထွက်လာသောစွမ်းအင်က အလိုအလျောက်တွန်းကန်လိုက်သည်ကိုလည်း သတိထားလိုက်မိသည်။ ထိုအခါ ကျွန်ုပ်သည် အဘယ့်ကြောင့်ကျွန်ုပ်၏စွမ်းအင်က သူမထံမှစီးဆင်းလာသောစွမ်းအင်ကို တွန်းကန်ရသနည်း–အဘယ့်ကြောင့် သူမ၏စွမ်းအင်နှင့် ကျွန်ုပ်၏စွမ်းအင်သဟဇာတမဖြစ်ရသနည်း–ဟု တွေးတောမိသည်။ 'လင်းဦးနိုင်' ပြောပြ၍ သူမ၏ရဲရင့်မှုနှင့် သူမ၏ပုန်ကန်မှုများကို သိထားသော်လည်း ကျွန်ုပ်ကိုယ်တွင်းမှစွမ်းအင်သည် သူမထံမှစီးဆင်းလာသောစွမ်းအင်ကိုတားဆီးနေသည်။ သူမသည် ရဲရင့်သည်၊ သူမသည်မိမိအားဖိနှိပ်မှုကိုတော်လှန်ပုန်ကန်ဝံ့သည်၊ တော်လှန်ပုန်ကန်ရကောင်းမှန်းသိသည်။ လူ့အဖွဲ့အစည်း–ယဉ်ကျေးမှု–ဘာသာရေး–ဓလေ့ထုံးစံ–ကိုယ်ကျင့်တရား–ရိုးရာဥပဒေ စသည်တို့၏ဖိနှိပ်မှုကြောင့် မိန်းမတို့၏ ဇီဝ–ပုံပျက်မှု၊ စိတ္တ–ပုံပျက်မှုတို့ကို သူမသည်ထင်းရှားပြတ်သားစွာမြင်သော ရှားရှားပါးပါး အမျိုးသမီးတစ်ဦးလည်းဖြစ်သည်။ သူမသည် မိမိ၏သဘာဝကိုပုံပျက်မခံဘဲ မိမိအားဖိနှိပ်ထားသော၊ မိမိအပေါ်သက်ရောက်နေသော လူ့အဖွဲ့အစည်းမှဖိနှိပ်စွမ်းအင်များကို တွန်းလှန်ရိုက်ချိုးပစ်သည်။ မိမိဘဝကိုမိမိဘာသာတည်ဆောက်သည်။ မိမိသဘာဝကို မိမိဘာသာကာကွယ်သည်။ မိမိသဘာဝအတိုင်း မိန်းမတစ်ယောက်အဖြစ် အပြည့်အဝပွင့်လန်း ရန်အားထုတ်သောသူမအား အဘယ့်ကြောင့်ကျွန်ုပ်၏စွမ်းအင်က တွန်းကန်ရသနည်း။

သူမသည် လူ့အဖွဲ့စည်းမှဖိနှိပ်ထားသော စွမ်းအင်များကို တန်ပြန်တော်လှန်သောသူ–မိမိ၏စစ်မှန်သောသဘာဝကိုကာကွယ်သောသူ ဖြစ်သော်လည်း သူမ၏တော်လှန်

www.burmeseclassic.com



ရေးသည် လိင်ဗဟိုပြုတော်လှန်ရေးထက်မပိုခဲ့ချေ။ သူမ၏သုံးသပ်မှု၊ သူမ၏လုပ်ဆောင်မှု၊ သူမ၏တွေးတောမှု၊ သူမ၏ဆန္ဒတို့သည် လိင်ကိုဗဟိုပြုကာ လည်နေသော စက်ဝန်းကဲ့သို့ဖြစ်နေသည်။ ထို့ကြောင့် သူမထံမှစီးဆင်းလာသောစွမ်းအင်သည် ပြင်းထန်ကာ ကြမ်းထော်နေခြင်းဖြစ်သည်။ သူမ၏ပုန်ကန်မှုသည် စစ်မှန်သောသဘာဝကို ကာကွယ်လိုမှု၊ မိမိ၏စစ်မှန်သောသဘာဝကို ဖိနှိပ်သူတို့အားမနှစ်သက်မှု၊ မိမိ၏စစ်မှန်သောသဘာဝကို မြတ်နိုးမှုတို့တွင် အခြေခံထားသည်ကိုတွေ့ရသည်။ သို့သော် သူမ၏တွေ့ထိခံစားသောစိတ်သည် လိင်နှင့်ပတ်သက်သောအတွေးနှင့်ဆက်သွယ်နေသည်။ လိင်ဗဟိုနှင့် ဆက်သွယ်နေသည်။ ထို့ကြောင့် သူမသည် မိမိကိုယ်မိမိကြည့်ရှုမှုမှပျောက်ဆုံးနေရသည်။ သူမ၏ သဘာဝစိတ်နှင့်ဆိုင်သောဗဟို၊ တွေ့ထိခံစားသောစိတ်ဗဟို၊ အသိဉာဏ်နှင့်ဆိုင်သောဗဟိုတို့သည် လိင်ကိစ္စတွင်နှီးနွှယ်ပေါင်းသင်းကာ ပြင်းထန်သော၊ ရူးရူးသော၊ ကြမ်းထော်သောစွမ်းအင်ကိုမွေးထုတ်လိုက်သည်။[၁] ထို့ကြောင့်သူမသည် မိမိအားဖိနှိပ်ထားသည့် လူ့အဖွဲ့အစည်းအတွင်းမှစွမ်းအင်များကို တွန်းလှန်ရာတွင် တက်တက်ကြွကြွလုပ်ဆောင်နိုင်ခဲ့သည်–မိမိအားဖိနှိပ်တိုက်ခိုက်လာသမျှသော စွမ်းအင်များကိုခုခံရာတွင်လည်း ခံနိုင်ရည်ရှိခဲ့သည်။ သို့သော်သူမသည် မိမိခံစားမှုအာရုံ၊ မိမိ၏တွေ့ထိခံစားသောစိတ်တို့ကို စောင့်ကြည့်ခြင်းမရှိသောကြောင့် ဖိနှိပ်မှုတို့ကိုတွန်းလှန်လိုက်သည့်တိုင်သူမ၏စိတ်သည် မတည်မငြိမ်ဖြစ်နေသည်။ သူမမွေးထုတ်လိုက်သောစွမ်းအင်သည် သူမထံမှအတားအဆီးမရှိထွက်နေသည်။ ထို့ကြောင့်သူမသည်ပုန်ကန်မှု၏ နောက်ဆက်တွဲဖြစ်သောအလွန်အကျွံရူးစမ်းလိုမှု–ခံစားသိလိုမှုတို့သည် လိင်ဖောက်ပြန်မှု (သို့) လိင်စံလွဲမှုသို့ဦးတည်သွားသည်ဟု ယူဆရပေသည်။ သို့သော်သူမသည်ယခင်ကတည်းက စံလွဲနေသောအမျိုးသမီးတစ်ဦးလော–သို့တည်းမဟုတ် တော်လှန်ပုန်ကန်ရာမှတစ်ဆင့် သူမ၏စွမ်းအင်စီးဆင်းမှုကို မှန်မှန်ကန်ကန်မထိန်းကြောင်းနိုင်ခြင်းမှဖြစ်ပေါ်လာသော စံလွဲအမျိုးသမီးလော–ကျွန်ုပ်မသိချေ။

စစ်မှန်သောပုန်ကန်မှုသည် မိမိအလင်းရောင်ကို မိမိရှာဖွေတွေ့ရှိခြင်းပင်ဖြစ်သည်။ မိမိအလင်းရောင်ကိုမိမိရှာဖွေတွေ့ရှိရန် မိမိကိုယ်မိမိအမှန်အတိုင်းသိမြင်ရန်လိုအပ်သည်။ မိမိကိုယ်မိမိမှန်မှန်ကန်ကန်သိမြင်ရေးသည် မိမိကိုယ်မိမိစောင့်ကြည့်ရေးပေါ်တွင်မူတည်သည်။ မိမိ၏အတွေးသည် မိမိ၏တွေ့ထိခံစားစိတ်နှင့်ဆက်နွှယ်သွားလျှင် မိမိကိုယ်မိမိစောင့်ကြည့်မှုသည် ပျက်ပြယ်သွားတော့သည်။ ထိုအခါကျွန်ုပ်တို့သည် မိမိတို့တည်ဆောက်ထားသော၊ မိမိတို့ထံတွင်ခိုအောင်းနေသော၊ မိမိတို့အား တွန်းအားပေးနေသော၊ မိမိတို့အား ဖိနှိပ်ထားသော စွမ်းအင်တို့၏ဦးဆောင်မှုအတိုင်း အကြားအလပ်မရှိ စီးဆင်းသွားသည်။ ထိုအခါ မိမိကိုယ်မိမိမေ့လျော့ကာ ပုန်ကန်မှုသည်လည်းကျဆုံးရတော့သည်။

---

၁။ figure-1

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် လိင်ကွဲပြားမှုကိုအကြောင်းပြုကာ ဖိနှိပ်ခြင်း၊ လိင်ကို မနှစ်မြို့ဖွယ်ရာအဖြစ်သင်ကြားခြင်းတို့သည် လိင်ဗဟိုပြုတွေးတောမှု၊ လိင်ဗဟိုပြုလုပ်ဆောင်မှုတို့ကို တိုးပွားစေကာ ဖိနှိပ်မှုကိုခံနိုင်ရည်မရှိသူတို့သည် စွမ်းအင်ပြန်ကန်ခြင်း၏ဒဏ်ကိုခံစားကြရပြီး ခံနိုင်ရည်ရှိပြီး ဖိနှိပ်မှုကိုတွန်းလှန်နိုင်သူတို့သည် စွမ်းအင်ပြိုကျခြင်း၏ဒဏ်ကိုခံစားကြရသည်။ စွမ်းအင်အတွင်းသို့ပြန်လှည့်စီးဆင်းခြင်းနှင့် စွမ်းအင်အပြင်သို့ဒလဟောထွက်ခြင်းတို့သည် အနားတစ်ဖက်၏ ဆန့်ကျင်ဘက်အစွန်းများဖြစ်ကြသည်။ သူမသည် အနားတစ်ဖက်၏ အစွန်းတွင်ရပ်နေသော လေးစားအပ်သောသူတစ်ယောက်ပင်ဖြစ်သည်။ အကြောင်းမှာ သူမသည် မိမိ၏သဘာဝကို ရဲရဲဝံ့ဝံ့ကာကွယ်ခြင်း၊ မိမိ၏ရပိုင်ခွင့်ကို မိမိဘာသာမိမိရယူခြင်း၊ မိမိ၏ရွေးချယ်မှုအတွက် မိမိဘာသာမိမိတာဝန်ခံခြင်းတို့သည် တော်လှန်ရေးသမားကောင်းတစ်ဦး၏အရည်အချင်းများဟုဆိုနိုင်ပေသည်။

ထို့ကြောင့်သူမသည် လေးစားအပ်သော ပြည့်တန်ဆာ . . . ။

**လှိုင်ထွန်းနိုင်**
**ဇူလိုင်လ ၂၃ရက် ၂၀၁၃-ခု အင်္ဂါနေ့**
**နံနက် ၁နာရီ ၄၅မိနစ်**

www.burmeseclassic.com

www.burmeseclassic.com





**Figure-1**

1= သဘာဝစိတ်နှင့်ဆိုင်သောဗဟို
2= တွေ့ထိခံစားသောစိတ်ဗဟို
3= အသိဉာဏ်နှင့်ဆိုင်သောဗဟို
S= လိင်တိစ္စ
=1+2+3 တို့သည်လိင်တိစ္စတွင်တူညီပေါင်းစည်းကာ မွေးထုတ်လိုက်သော စွမ်းအင်

www.burmeseclassic.com

www.burmeseclassic.com

# ပြည့်တန်ဆာ

လင်းဦးနိုင်

www.burmeseclassic.com

www.burmeseclassic.com

'ကျမ' ကျေးဇူးတင်စကားတော့ မပြောတော့ဘူးနော်။ ဘာလို့လဲဆိုတော့ ရှင့်လိုလူမျိုးက ကျေးဇူးတင်ခံဖို့အတွက် လုပ်ပေးနေတာမဟုတ်ဘူးလို့ 'ကျမ' အကဲခတ်မိပါတယ်။

ရှင်နဲ့ 'ကျမ' သိကျွမ်းတာသိပ်မကြာသေးပေမယ့် ရှင်ကူညီခဲ့တာတွေကအများကြီးနော်။ 'ကျမ' မှတ်ဉာဏ်တွေသိပ် မကောင်းတော့ဘူးထင်တယ်။ ရှင်ဘယ်နှစ်ကြိမ်လောက် 'ကျမ' ကို ကူညီခဲ့သလဲ၊ ရှင်နဲ့ ဘယ်မှာစပြီးသိကျွမ်းခဲ့သလဲဆိုတာကို သေချာမမှတ်မိတော့ဘူး။

'ကျမ' လို ရောဂါဖြစ်တဲ့သူတစ်ယောက်ကို တွေ့ဖူးတယ်။ တွေ့ဖူးရုံတင်တော့မဟုတ်ပါဘူး။ တွေ့ဖူးရုံလေးတင်ဆိုရင် အများကြီးတွေ့ခဲ့ဖူးတယ်။ သေသေချာချာကို ပြုစုပေးခဲ့ဖူးတာ။ အစပိုင်းမှာတော့ ရိုးရိုးအားနည်းတာပဲ။ နောက်ပိုင်းမှာ သတိလစ်တဲ့ထိကို အားနည်းလာတယ်။ ခဏခဏသတိလစ်လာတယ်။ မေ့တတ်လာတယ်။ အစားအသောက်လည်း ပုံမှန်မစားတော့ဘူး။ နောက်တဖြည်းဖြည်းပိန်ကပ်လာတယ်။ အရိုးပေါ်အရည်တင်ဆိုတာတကယ်ပဲ။ အသားအရည်တွေလည်း ခြောက်ခမ်းသွားတယ်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးမှာလည်း အနာခြောက်တွေထွက်လာတယ်။ ချောင်းကလည်း ဆိုးတာတရစပ်ပဲ။ ချောင်းဆိုးပျောက်ဆေးပဲ အမြဲငုံထားတယ်။ တဖြည်းဖြည်းနဲ့လည်း မျက်စိက မှုန်မှုန်လာပြီး နောက်ဆုံးကွယ်သွားတာပဲ။ သူ့ပုံစံကို ကြည့်ပြီး 'ကျမ'ရင်ထဲ တော်တော်လေးကို မကောင်းခဲ့တာ။ နောက်ပိုင်းမှာ ဆီးချုပ်ဝမ်းချုပ်နဲ့ ဘုန်းဘုန်းလဲတာပဲ။ အရိုးပေါ် အရည်တင်လေးဆိုတော့ အိပ်ရာပေါ်မှာ ဟိုဘက်ဒီဘက်လှည့်ရင်တောင် ညည်းညူနေရတယ်။ အောင်မလေး အောင်မလေးကို တနေတာ။

'ကျမ'အတတ်နိုင်ဆုံးအနီးကပ်ပြုစုပေးခဲ့တယ်။ နောက်ဆုံး'ကျမ'လက်ပေါ်မှာတင် သေသွားတာ။ အခုထက်ထိမျက်စိထဲကမထွက်ဘူး။ တကယ့်ကို အရိုးခေါင်းပဲ။ ပါးစပ်ကြီးဟ မျက်လုံးကြီးလန်ပြီး မချိမဆန့်နဲ့ကို အသက်ထွက်သွားရှာတာ။ တော်တော်လေးကို ရုပ်ပျက်ဆင်းပျက်ပဲ။ 'ကျမ'နဲ့လည်း အရမ်းရင်းနှီးခဲ့တယ်။ 'ကျမ'ကိုလည်း အကူအညီ အထောက်အပံ့ အများကြီးပေးခဲ့သူပေါ့။ ထားပါလေ။ သူ့အကြောင်းပြောတိုင်း ရင်ထဲမှာ ဆို့ဆို့တက်လာတယ်။ ရင်ထဲမှာ မကောင်းဘူး။

'ကျမ'ရောအခုဘာထူးလို့လဲ။ ခဏခဏသတိလစ်တတ်လာပြီ။ အားကလည်းသိပ် နည်းနေပြီ။ သွားလို့လာလို့လည်း မကောင်းတော့ဘူး။ မေ့တတ်တာလည်း လွန်ရောပဲ။ ဟိုယား ဒီယားကုတ်ရင်းနဲ့ အနာလေးတွေတောင်ဖြစ်လာပြီ။ နည်းနည်းလေးအနေအထိုင်မှားတာနဲ့ ထကိုမထနိုင်တော့ဘူး။ ခုလိုချိန်မျိုးမှာ 'ကျမ'နားမှာနေပြီး ဂရုစိုက်ပေးတဲ့အတွက် ဘယ်လို ပြောရမှန်းကို မသိတော့ဘူး။

ရှင့်လက်ကလေးပေးပါ။ 'ကျမ'ကိုင်ထားချင်လို့ပါ။ 'ကျမ'အတွက်အားအင်တစ်ခုခု လိုနေသလို ခံစားရတယ်။ ဒါကြောင့်မို့ပါ။ ရှင်အလုပ်ကြမ်းမလုပ်ဖူးဘူးဆိုတာ သိပ်သိသာ တာပဲ။ ရှင့်လက်တွေကအရမ်းကိုနူးညံ့နေတယ်။ 'ကျမ'လက်လောက်တောင်မကြမ်းဘူး။ အရမ်းကိုင်လို့ကောင်းတာပဲ။ နွေးလည်းနွေးထွေးတယ်လို့ ခံစားရတယ်။

ရှင်သိတဲ့အတိုင်းပဲ 'ကျမ'လိုတစ်ကောင်ကြွက်ကို ဘယ်သူက ဂရုစိုက်မှာလဲ။ ဆွေမျိုး သားချင်းတွေဆိုတာလည်း ဘယ်နားနေမှန်းတောင် မသိတော့ဘူး။ ပတ်ဝန်းကျင်မှာလည်း မိတ်ဆွေတစ်ယောက်လို ဆက်ဆံရမယ့်သူဆိုတာလည်း လက်ချိုးရေစရာတောင်မရှိဘူး။ ဘယ်တုန်းကမှလည်း ပတ်ဝန်းကျင်နဲ့က အဆင်မပြေခဲ့ဖူးဘူး။ ပတ်ဝန်းကျင်ကလည်း 'ကျမ' လိုလူမျိုးနဲ့ဘယ်တော့မှ အဆင်ပြေချင်မှာမဟုတ်ဘူး။ အဆင်ပြေဖို့နေရှာသာသာ အခေါ်

www.burmeseclassic.com

www.burmeseclassic.com



အပြောအဆက်အဆံတောင်လုပ်ချင်ကြတာမဟုတ်ဘူး။

'ကျွမ'နဲ့အဆင်မပြေတာကိုလည်း မပြောနဲ့ဦး။ ပတ်ဝန်းကျင်လိုဟာမျိုးကို မပြောနဲ့။ တခြားလူဆိုတာကိုမပြောနဲ့ဦး။ 'ကျွမ'နဲ့အတူတူလုပ်နေကျ သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေဆိုတာတောင်မှ အဆင်မပြေဘူး။ မပြေနိုင်ဘူး။ သူတို့လည်း 'ကျွမ'ကို ဝေးဝေးကရှောင်ကြတယ်။ ပတ်ဝန်းကျင်ကပစ်ပယ်သလိုပဲ 'ကျွမ'ကိုတဲ့တွေးတွေးချင်ကြတယ်။ တွေးလည်းတွေးချင်စရာပဲလေ။

ဘာလို့လဲဆိုတော့ အများအားဖြင့် ဒီလောကထဲရောက်လာတဲ့သူ အတော်များများက တစ်ယောက်ကိုတစ်ယောက် လိမ်လည်နေတာတွေ၊ ကောက်ကျစ်နေတာတွေ၊ လှည့်ဖျားနေတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် ကျော်ခွစားနေတာတွေအများကြီးပဲ။ ပြီးတော့ အတော်များများပါပဲ။ သူတို့ကိုယ်သူတို့ ရောင်းစားခံရတာတို့၊ မိဘအဆင်မပြေတာတို့၊ အကျပ်အတည်းတွေကြောင့်တို့၊ တစ်ယောက်ယောက်က ဖျက်ဆီးတာခံလိုက်ရလို့ ဒီလောကထဲရောက်လာတာတို့၊ တစ်ကောင်ကြွက်ဘဝနဲ့ ဘာမှလုပ်ကိုင်မစားသောက်တတ်လို့တို့ အများကြီးပေါ့။ အမျိုးမျိုးမှ အမျိုးမျိုးပဲ။ 'ကျွမ'တောင် စုံအောင်မပြောပြတတ်ဘူး။ ဒီလိုပုံပြင်အမျိုးမျိုးကို ဖန်တီးထားကြတယ်။

ဟုတ်ချင်လည်း ဟုတ်မယ်။ မဟုတ်ချင်လည်း မဟုတ်ဘူး။ လူတိုင်းကိုလည်း ဒါတွေညည်းညူပြလိမ့်မယ်။ မျိုးစုံသနားအောင်ပြောပြကြမယ်။ မသိရင်အခုချက်ချင်းပဲ ဒီအလုပ်ကိုစွန့်လွှတ်တော့မလိုလိုပြောကြလိမ့်မယ်။ ဒီလောကမှာနေရတာကို မသတီစရာအဖြစ်သရုပ်ဖော်ကြလိမ့်မယ်။ ဒါဆိုရင်လည်း ဒီလောကကနေရုန်းထွက်ကြပါတော့လား။ ဘာလို့ဒီလောကရဲ့ မကောင်းကြောင်းကိုပြောပြီး ဒီလောကထဲမှာပဲ ပျော်ပါးနေရတာလဲ။ ဒီလိုမျိုး သူတို့နဲ့အမြဲတမ်းအတိုက်အခံဖြစ်တယ်။ 'ကျွမ'ကို မျက်မုန်းကျိုးကြတယ်။ လူရှေ့သူရှေ့မှာပြောမိရင် အငြိုးပါထားကြတယ်။ ဒီလောကကမိန်းကလေးတွေဆိုတာသိတဲ့အတိုင်းပဲ။ သူတို့အိတ်ထဲမှာ ထိုးလို့ရတဲ့ဟာ တစ်ခုခုကိုအမြဲဆောင်ထားတတ်တယ်။ 'ကျွမ'ကိုတောင်လုပ်ကြဖို့အထိအဖြစ်တွေအများကြီးကို ရင်ဆိုင်ခဲ့ဖူးတယ်။ ထားပါလေ။ ဒါတွေက မသိစိတ်ရဲ့ လှုံ့ဆော်မှုတစ်ခုလားတော့ မသိဘူး။ 'ကျွမ' ကြိုတင်ကာကွယ်နိုင်ခဲ့တာတွေချည်းပဲ။ ပြီးတော့လည်း ဒီလောက်လက်ရဲဇက်ရဲဆိုတာကတော့ ရှားပါတယ်။

'ကျွမ'ပြောချင်တာက 'ကျွမ'လည်း နည်းအမျိုးမျိုးနဲ့ ဒီလောကထဲရောက်လာနိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား။ ဘယ်လိုနည်းမျိုးနဲ့ပဲရောက်ရောက်ပေါ့။ ရောက်လာပြီပဲ။ ကျင်လည်နေပြီပဲ။ ပျော်မွေ့နေပြီပဲ။ မပျော်မွေ့ရင်လည်း ရုန်းထွက်နိုင်တဲ့ အခြေအနေတွေအများကြီးရှိတာပဲ။ 'ကျမ'ကတော့ နည်းအမျိုးမျိုးကြောင့် ဒီလောကထဲရောက်လာနိုင်ပေမယ့် ဒီအလုပ်ကိုနှစ်သက်လို့ကို ကျမဆက်လုပ်ခဲ့တာ။ ဘာလို့လဲဆိုတော့ ဒီလိုအလုပ်တွေကပဲ ကျမဆန္ဒတွေကိုဖြည့်ဆည်းပေးနိုင်လို့လေ။

ရှင့်ကိုကြည့်ရတာ နည်းနည်းလေးတောင် တွန့်သွားပုံမရပါလား။ တော်တော်များများက 'ကျမ'ဒီလိုပြောလိုက်ရင် တွန့်သွားကြတယ်။ 'ကျမ'ကို ရွံရှာသွားကြတယ်။ အချင်းချင်းတောင် မဲ့ရွဲ့ကြတယ်။ ရှင်ကတော့ တွန့်လည်း တွန့်ပုံမရဘူး။ ရွံရှာပုံလည်းမရဘူး။ 'ကျမ' အံ့သြတယ်။ ရှင့်ရဲ့မျက်လုံးတွေကိုပိုပြီး အံ့သြတယ်။ ရှင့်ရဲ့အပြုအမူတွေကလည်း 'ကျမ' အတွက် ထူးဆန်းနေတယ်။ ရှင့်ပုံစံက လူတစ်ဖက်သားကို နှိမ့်နှိမ့်ချချမဆက်ဆံသလို၊ မြှောက်ပင့်ပြီးဆက်ဆံပုံလည်း မရဘူး။ သူတစ်ပါးကို အထင်လည်းမကြီးတတ်သလို၊ အထင်လည်းမသေးတတ်ဘူးဆိုတဲ့ပုံစံမျိုးဆိုတာ'ကျမ'သတိထားမိပါတယ်။ ရှင့်ကို'ကျမ' ဘယ်လိုအမိပ္ပါယ်ဖွင့်ရမှန်းမသိတော့ဘူး။ ထားပါလေ။ ရှင့်အကြောင်းကို သတိထားမိသလောက်ပြောကြည့်တာပါ။

'ကျမ'တစ်သက်လုံးစဉ်းစားလို့မရခဲ့တဲ့အကြောင်းတွေအများကြီးပဲ။ 'ကျမ'အတွက်တော့မဟုတ်ဘူး။ တခြားသူတွေအနေနဲ့ပါ။ ဒီထဲမှာ အဓိကအချက်က လူတွေက ဒီအကြောင်းပြောကြရင် ဘာလို့ရှက်ကြရတာလဲ။ တွန့်ကြရတာလဲ။ မိန်းကလေးတွေမပြောနဲ့ ယောကျ်ားလေးတွေတောင်မှ ဒီအကြောင်းတွေပြောရင် ဘာလို့မျက်လုံးချင်းဆုံပြီး ပွင့်ပွင့်လင်းလင်းမပြောရဲကြတာလဲ။ ခေါင်းတွေငုံ့ပြီး ဘာလို့ရယ်ပြုံးပြုံးလုပ်နေကြရတာလဲ။ ပြောတဲ့သူကိုလည်း ဘာလို့မကောင်းတဲ့သူ၊ စိတ်ဓာတ်ဖောက်ပြားနေတဲ့သူ၊ ဒါမှမဟုတ် တဏှာကြီးတဲ့သူ၊ ယဉ်ကျေးမှုမရှိတဲ့သူ၊ ကိုယ်ကျင့်တရားမကောင်းသူအဖြစ် မြင်ကြရတာလဲ။ သတ်မှတ်ကြရတာလဲ။ 'ကျမ'လုံးဝကို နားမလည်ဘူး။ စဉ်းစားလို့လည်းမရဘူး။ ဒါပေမယ့် ဒီကိစ္စကိုပဲလူတိုင်း နေ့စဉ်လုပ်နေကြတယ်မဟုတ်လား။ နေ့စဉ်ပဲ ဆက်ဆံနေကြတယ်မဟုတ်လား။ ဒီကိစ္စလုပ်ဖို့အတွက်ပဲ နေ့တိုင်းရုန်းကန်နေကြတယ် မဟုတ်လား။ ဒီလိင်စိတ်ကို အကောင်အထည်ဖော်ဖို့အတွက်ပဲမဟုတ်လား။ ပြောလိုက်ရင် သူတို့မလုပ်ကြတဲ့အတိုင်းပဲ။ သူတော်စင်တွေအတိုင်းပဲ။

www.burmeseclassic.com



'ကျမ'ရဲ့အဒေါ်တစ်ယောက်အကြောင်းရှင့်ကိုပြောပြရဦးမယ်။ 'ကျမ'ကိုယ်တွေ့ချည်းပဲတော့မဟုတ်ပါဘူး။ အများစုက အဘွားဆီကနေတစ်ဆင့် ပြန်ကြားခဲ့ရတာပါ။ ဘာလို့လဲဆိုတော့ 'ကျမ'အရွယ်ရောက်ပြီးသိပ်မကြာခင်မှာပဲ အဒေါ်ကမရှိမဆုံနဲ့ ကွယ်လွန်သွားရှာတယ်။ စိတ်တွေကယောင်ချောက်ချားနဲ့ တမှိုင်မှိုင်ဖြစ်ပြီး မစားနိုင်မသောက်နိုင်နဲ့သေတာ။ အဘွားကတော့ အဒေါ့်အကြောင်းအတော်များများပြန်ပြောပြရှာယ်လေ။ 'ကျမ'အချိန်တော်တော်များများလည်း အဘွားနဲ့ပဲနေလာခဲ့ရတာ။ အဘွားရဲ့သွန်သင်ဆုံးမမှုတွေနဲ့ မဖြစ်မနေကြီးပြင်းခဲ့ရတာပေါ့။

ဒေါ်လေးကစိတ်ပုံမှန်မရှိဘူးလေ။ အဘွားရဲ့ပြောပြချက်အရတော့ ဒေါ်လေးက ငယ်ငယ်ကတည်းကစိတ်က ကယောက်ကယက်ဆိုပဲ။ အပျိုဝင်ပြီးစမှာပဲ အဲလိုစဖြစ်ခဲ့တယ်တဲ့။ အစားလည်းကောင်းကောင်းမစား၊ စိတ်ကလည်းပုံမှန်မဟုတ်၊ တစ်ခါဆို ဖျားလိုက်တာ ထကိုမထနိုင်ဘူးတဲ့။ အဲဒီနောက်ပိုင်းပိုဆိုးသွားတယ်။ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ တစ်ခါတစ်လေ အိပ်ရာတစ်ခုလုံးရှုပ်ပွအောင်ဖွထားတတ်တယ်။ ညဘက်တွေမှာလည်း တစ်ညလုံးအော်ဟစ်နေတတ်တယ်။ တစ်ခါတစ်ရံလည်း ဘာမှမပြောဘဲ မလှုပ်မယှက်နေနေတတ်တယ်။ တစ်ခါမှာလည်းထိန်းမရအောင်ဖြစ်တယ်။ အင်္ကျီတွေဆွဲဖြဲပစ်ရင်လည်းပစ်တယ်။ ကိုယ့်ကိုယ်ကိုလည်း မညှာမတာထုနှက်နေတတ်တယ်တဲ့။ နောက်ဆုံးထိန်းမရရင် ကြိုးတောင်တုပ်ထားရတယ်။

နောက်ဘယ်လိုမှထိန်းမရတဲ့အဆုံး ပယောဂဆရာကိုအိမ်ပင့်ပြီး ကုခဲ့ရတယ်။ ဒါပေမယ့် ပထမ ဆရာတွေကလည်း ဘယ်လိုမှပျောက်အောင်မကုနိုင်ဘူး။ ပိုပိုဆိုးလာတာပဲရှိတယ်။ တစ်အိမ်လုံးကိုလည်း ပတ်ရမ်းနေတော့တာပဲ။ အဲဒီအချိန်တွေတုန်းက 'ကျမ'ကတော်တော်ငယ်သေးတယ်ပြောတယ်။ စကားတောင်ကောင်းကောင်းမပြောတတ်သေးဘူးတဲ့။ ဒေါ်လေးအဲလိုဖြစ်နေတာလည်း နှစ်နဲ့ချီပြီးတော့ကိုကြာတယ်။ ဆရာလေးငါးယောက်လောက်သာပြောင်း သွားတယ်မပျောက်ဘူးတဲ့။ နောက်ဆုံးဆရာကတော့ အတော်လေးကို အရိုက်ကြမ်းတယ်ဆိုပဲ။ အတော်ကြမ်းကြမ်းလေးကို ရိုက်နှက်ပြီးကိုင်တွယ်တော့မှ ငြိမ်သွားခဲ့တာ။

ဒါပေမယ့် ဒေါ်လေးကို 'ကျမ'သိတတ်လောက်တဲ့အရွယ်ကတည်းက ငြိမ်နေတာကိုသတိထားခဲ့မိတယ်။ ဒါပေမယ့် ငူငူငိုင်ငိုင်နဲ့ ငြိမ်နေတာမျိုး။ ညဘက်တစ်ခါတစ်လေသူ့အိပ်ရာဘက်က အသံမျိုးစုံကြားရတတ်ပေမယ့် နေ့ခင်းဘက်တွေမှာတော့ တိတ်နေတာများတယ်။

www.burmeseclassic.com



အိမ်ပြင်လည်း ဘယ်တော့မှထွက်တာမတွေ့ဖူးဘူး။ သူ့အခန်းထဲကအပြင်တောင် ထွက်တာမျိုးသိပ်မရှိဘူး။ တိတ်နေပေမယ့် တစ်ယောက်တည်းစကားတွေ တိုးတိုးတိုးတိုး ပြောနေတတ်တယ်။ တစ်ခါတစ်လေလည်း ကျမကိုအနားခေါ်ပြီး အလှတွေပြင်ပေးတတ်တယ်။ တိုးတိုးအေးအေးသက်သက်သာသာနဲ့ သူ့မှာယောကျ်ားဘယ်နှယောက်ရှိကြောင်း၊ သူ့သားသမီးတွေက ဘယ်လောက်ချစ်စရာကောင်းကြောင်း၊ အငယ်ကောင်ကဘယ်လို၊ အကြီးကောင်ကဘယ်လိုဆိုတာမျိုးတွေပြောပြတတ်တယ်။ သူ့ယောကျ်ားကဘယ်မှာသွားအလုပ်လုပ်နေတာ ဘယ်တော့လောက်ပြန်လာမှာ၊ ပြန်လာရင်ဘာတွေပါလာမှာ၊ သူ့ယောကျ်ားက ဘယ်လောက်ယောကျ်ားပီသကြောင်း၊ အဲဒီလို ယောကျ်ားပီသသူမျိုးကိုရှာယူသင့်ကြောင်း တကယ့်ကိုမျိုးစုံပဲ။ အဘွားကိုသွားပြန်မပြောဖို့လည်း 'ကျမ'ကိုတားသေးတယ်။ စိုးရိမ်တကြီးနဲ့ကိုပြောတာ။ 'ကျမ'လည်း သေချာမမှတ်မိတော့တာတွေ အများကြီးပဲ။ တစ်ခါတစ်ခါကျတော့လည်း သနပ်ခါးလိမ်း–အလှတွေပြင်ပြီးတော့ အိမ်ပေါက်ဝမှာထိုင်ထိုင်နေတတ်တယ်။ ဒါမှမဟုတ် ပြတင်းပေါက်ကနေတစ်ခုခုကို စောင့်မျှော်နေသလို သီချင်းလေးအေးအေးညည်းပြီး နေနေတတ်တယ်။ အများအားဖြင့်တော့ အဲလိုတစ်ယောက်တည်း နှစ်မျောပြီးနေတာပဲ။

အဖေနဲ့အမေကတော့ 'ကျမ'ငယ်ငယ်လေးကတည်းကဆုံးသွားတာ။ အဖေအမေဆိုတာကို ကောင်းကောင်းတောင် မမှတ်မိတတ်သေးခင်အရွယ်ကပေါ့။ အဖေကငါးဖမ်းသင်္ဘောလိုက်တယ်လေ။ ပြန်လမ်းမရှိတဲ့နေရာကိုအမြဲသွားရင်း တစ်ခါတော့ တကယ်ပဲပြန်မလာတော့ဘူး။ အမေလည်းမကြာခင်မှာပဲ အဖေ့နောက်လိုက်သွားခဲ့တယ်။ ရှေ့ဆင့်နောက်ဆင့်လို့ပြောရမှာပဲ။ ဒါကြောင့်မို့ငယ်ငယ်လေးကတည်းက အဘွားရဲ့အဆုံးအမ၊ အထိန်းအကွပ်တွေနဲ့နေခဲ့ရတယ်။ အရမ်းကြီး ချို့ချို့တဲ့တဲ့မဟုတ်ပေမယ့် သာမန်လုပ်စားကိုင်စားဘဝနဲ့ပဲ။ အဘွားနဲ့လည်း ဝိုင်းကူလုပ်ပေါ့။ အဘွားကကျောင်းတောင် မတက်နိုင်းတော့ဘူး။ မိန်းကလေးပဲ စာမတတ်လည်း ဘာအရေးလဲတဲ့။ ဒါပေမယ့် ကံကောင်းတယ်ပဲပြောရမလား။ ဦးလေးဝမ်းကွဲတစ်ယောက်က 'ကျမ'ရဲ့ကျောင်းစရိတ်တွေ တာဝန်ယူပေးမယ်လို့ဆိုလာတယ်။ အမယ်အိုကြီးတစ်ယောက်တည်းလုပ်ကိုင်နေတာကို မကြည့်ရက်လို့လည်းဖြစ်ချင်ဖြစ်မှာပေါ့။ နောက်ပိုင်းလည်းအဘွားက သိပ်အလုပ်မလုပ်နိုင်တော့ပါဘူး။ 'ကျမ'ပဲ တတ်နိုင်သမျှသိမ်းကျုံးလုပ်ခဲ့ရတယ်။ ဦးလေးက နောက်ပိုင်းမှာ အဘွားရဲ့စရိတ်တွေကိုလည်း တာဝန်ယူပေးသေးတယ်။ ဒါပေမယ့် ကျောင်းဆက်တက်ခွင့်ရတာကိုတော့ 'ကျမ'အတော်လေးပျော်မိတယ်။ အဲဒီတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကို ကျေးဇူးတင်လိုက်တာလည်း ပြောမနေနဲ့။ ဘာလို့လဲဆိုတော့ ကျမအနေနဲ့ ပညာကို အရမ်းအမက်အမောကြီးမဟုတ်ပေမယ့် အတိုင်းအတာတစ်ခုထိတော့ မက်မောမိလို့ပဲ။

အဘွားက သိပ်ကိုရှေးရိုးဆန်ပြီး အရမ်းကိုထိန်းချုပ်ခဲ့တာ။ 'ကျမ'က ငယ်ငယ်ကတည်းက အများအားဖြင့်ယောကျ်ားလေးတွေနဲ့ပဲကစားတယ်။ ယောကျ်ားလေးတွေနဲ့ ကစားရတာကိုသဘောကျတယ်။ သူတို့နဲ့အတူကစားပြီး သူတို့ကိုပဲ[illegible]စမ်းချင်နေခဲ့တယ်။ ပြီးတော့လည်း မိန်းကလေးအချင်းချင်းကစားတဲ့အခါ ရန်ဖြစ်နေရတာ၊ မနာလိုနေရတာကများတယ်လေ။ 'ကျမ'အဲလိုမျိုးတွေ မကြိုက်ဘူး။ ယောကျ်ားလေးတွေနဲ့ကစားရတာ ပျော်လည်းပျော်တယ်။ ကြည်နူးလည်း အမြဲကြည်နူးရတယ်။ သူတို့ဘာပဲကစားကစား 'ကျမ'လိုက်ကစားတယ်။ တစ်ခါတစ်လေလူကြီးတွေခိုးခိုးကြည့်တဲ့ အပြာကားဆိုတာကို 'ကျမ'တို့ချောင်းကြည့်ကြတယ်။ အဲဒီတုန်းကတော့ ကလေးတစ်ယောက်အနေနဲ့ ရယ်စရာတစ်ခု၊ ခိုးဝှက်ပြီးစွန့်စားကြည့်ရတာက ရင်ခုန်စရာတစ်ခုလို့ထင်ခဲ့တယ်။ ဒါလူကြီးတွေအတွက် ပျော်စရာတစ်ခုလို့လည်းထင်ခဲ့သေးတယ်။ အဲဒီအတွက်လည်း ငါတို့ကြီးလာရင်အဲလိုပျော်ရမှာဆိုပြီးတော့ အစမ်းပျော်ကြည့်ကြသေးတယ်။ ရှင်းရှင်းပြောရရင် အိမ်ထောင်ပြုတမ်းကစားကြတယ်ပေါ့။ အဲဒီတုန်းက ပျော်စရာလည်းကောင်းတယ်။ လူကြီးတွေမသိအောင် ခိုးဆော့ရတဲ့အတွက် ရင်ခုန်စရာလည်းကောင်းတယ်။ တစ်ခါတစ်ယောက်ကမိသွားပြီး အဘွားကိုပြန်တိုင်လို့ ဆော်ပလော်အတီးခံရတာလည်း မချိမဆံ့ပဲ။ အတော်လေးကိုခံခဲ့ရတာ။ အရွယ်ရောက်လာတာနဲ့အမျှအဘွားက ယောကျ်ားလေးတွေနဲ့မကစားဖို့ အတန်တန်တားတယ်။ ဒါပေမယ့် လစ်ရင်လစ်သလိုကစားတာပဲ။

'ကျမ'စဉ်းစားတတ်တဲ့အရွယ်ရောက်တော့မှ စဉ်းစားကြည့်တယ်။ ဘာကြောင့်ဒီ အပြာကားဆိုတာတွေကို ခိုးကြောင်ခိုးဝှက်ကြည့်ကြရတာလဲပေါ့လေ။ သေသေချာချာကြည့်သင့်တယ်လို့ 'ကျမ'ယူဆမိတယ်။ ဒါက ကြီးမှပါ။ ဒီအလုပ်လုပ်ပြီးတော်တော်ကြာမှပါ။ ဘာလို့လဲဆိုတော့ ဒီအလုပ်မျိုးတွေစလုပ်နေချိန်မှာတောင် 'ကျမ'အတွက်ဒါဟာ ရှက်စရာတစ်ခုအဖြစ် မသိမသာငြင်းဆန်နေမိသေးလို့ပဲ။

ယောကျ်ားလေးတွေအနေနဲ့တောင် ခိုးကြောင်ခိုးဝှက်ဖြစ်နေတယ်ဆိုတော့ 'ကျမ'တို့မိန်းကလေးတွေအတွက်တော့ ဝေလာဝေးပေါ့။ လူတွေက တဏှာကောင်အဖြစ် ဝိုင်းရှုံ့ချခံရမှာစိုးလို့လား။ ဒါမယဉ်ကျေးတဲ့အပြုအမူလား။ ရိုင်းစိုင်းပြီးဖောက်ပြန်နေကြတာလား။ တခြားသူ

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့စိတ်ထဲမှာတော့ ဘယ်လိုရှိမလဲ 'ကျမ' မသိဘူး။ ဒါပေမယ့် 'ကျမ' ဘာဖြစ်ခဲ့တယ် 'ကျမ' စိတ်ထဲမှာ ဘယ်လိုတွေဖြစ်နေတယ်ဆိုတာကိုတော့ 'ကျမ' သိတယ်။

အဘွားရဲ့ တားဆီးမှုတွေ၊ ဖိနှိပ်မှုတွေ၊ ချုပ်ချယ်မှုတွေကို တစ်ချိန်တုန်းက 'ကျမ' အမှန်လို့မြင်ခဲ့သေးတယ်။ ဥပမာ ရာသီလာတာဟာ ရှက်စရာ၊ လိင်ဆက်ဆံတာဟာ ရှက်စရာ၊ ယောကျ်ားလေးကို ရဲရဲတင်းတင်းကြည့်တာ ရှက်စရာ၊ လုံလုံခြုံခြုံမဝတ်ရင်၊ မနေရင် ရှက်စရာ၊ လိင်အကြောင်းပြောတာကအစ ရှက်စရာ၊ နောက်ဆုံးကိုယ့်အင်္ကျီတောင်ကိုယ် ရဲရဲမကြည့်ရဲအောင် ရှက်စရာကိစ္စတွေကို တသီတတန်းကြီးသင်ကြားခံခဲ့ရတယ်။ အဘွားပြောပြတဲ့ မိန်းကလေးတစ်ယောက် ရှက်စရာ၊ ဖုံးဖိရမယ့်အရာ၊ စောင့်ထိန်းရမယ့်အရာတွေ အများကြီးပဲ။ 'ကျမ' ပြောပြတာ ပါးပါးလေးပဲရှိသေးတယ်။ ဒါပေမယ့် ဘာဖြစ်လာလဲ။ အဲဒါတွေကို ရှက်စရာ၊ ဖုံးဖိစရာကိစ္စလို့ မြင်လာတာနဲ့အမျှ ကျမဟာလိမ်တတ်လာတယ်။ ဖုံးဖိတတ်လာတယ်။ ဟန်ဆောင်တတ်လာတယ်။ တမင်တကာမဟုတ်ပေမယ့် တဖြည်းဖြည်းနဲ့ပိရိလာအောင်လုပ်ပေးသွားတယ်။

ယောကျ်ားလေးတွေတွေ့ရင် ရှက်သလိုခေါင်းငုံ့တတ်လာတယ်။ စကားပြောရင် မပွင့်တပွင့်ပြောတတ်လာတယ်။ ကိုယ့်ရင်ထဲကဆန္ဒကို ကိုယ့်မျက်နှာပေါ်မပြောနဲ့ ကိုယ့်အသိစိတ်ထဲတောင် ရောက်လာဖို့နေရာမရှိခဲ့ဘူး။ ဒီလောက်ထိ ကိုယ့်ဆန္ဒကိုကိုယ် ဥပေက္ခာပြုနိုင်ခဲ့တယ်။ ဒါကို ဂုဏ်သိက္ခာတစ်ခုအဖြစ်လည်း ထင်မြင်လာတယ်။ ကိုယ်ဒီလို ဖုံးဖိ၊ ဟန်ဆောင်လိမ်ညာ ဖုံးကွယ်နေတာတွေက အမှန်တွေဖြစ်လာတယ်။ ဒီလိုလုပ်တာသာ အမှန်တရားဖြစ်သွားတယ်။ ကိုယ့်ဆန္ဒဆိုတာ ဘယ်နားနေမှန်းတောင် မသိဘူးဖြစ်သွားတယ်။ ဒါဆိုရင် 'ကျမ' ဟာ ယဉ်ကျေးတဲ့သူ၊ မိုင်းကောင်းကျောက်ဖိဖြစ်သွားပြီလားဆိုတာ မေးစရာမရှိဘူးလား။ ဘယ်လိုယဉ်ကျေးမှုမျိုးလဲ။

အပေါ်မှာတည်ငြိမ်သလောက် အတွင်းမှာ ယောက်ယက်ခတ်နေတာ ယဉ်ကျေးမှုလား။ လိမ်တတ်တာ၊ ဟန်ဆောင်တတ်တာ၊ ဖုံးဖိတတ်တာ ယဉ်ကျေးမှုလား။ မိုင်းကောင်းကျောက်ဖိဖြစ်သွားတာ ယဉ်ကျေးတာလား။ 'ကျမ' ကိုယ် 'ကျမ' အသိဆုံးပဲ။ အပေါ်မှာ ဘယ်လောက်ပဲ ဟန်ဆောင်ဟန်ဆောင် အတွင်းမှာထိန်းမနိုင်သိမ်းမနိုင်ပဲ။ လူမမြင်ကွယ်ရာရောက်ရင်၊ စိတ်ကွယ်ရာရောက်ရင် ပွင့်ထွက်လာတာပဲ။ တစ်ခါပြန်ပြီးတော့လည်း စိတ်ကွယ်ရာမှာဖြစ်တဲ့ကိစ္စတွေကို ပြန်ဖုံးကွယ်ရသေးတယ်။ တခြားလူတွေကို မဖုံးကွယ်ခင် ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အရင်လိမ်ညာရသေးတယ်။ ဒီလိုကိစ္စတွေကို ရှက်ရွံ့ဟန်၊ ကြောက်ရွံ့ဟန်၊ စက်ဆုပ်ဟန်နဲ့ အရင်ပြန်လိမ်ရတယ်။ မကောင်းမှုကျူးလွန်နေပါလားလို့ ကိုယ့်ကိုယ်ကိုနောင်တရတယ်။ ငါဟာမကောင်းတဲ့သူ၊ မကောင်းတဲ့အကျင့်ရှိသူလို့ ကိုယ့်ကိုယ်ကိုအထင်အမြင်တွေပြန်သေးလာတယ်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုလည်း သိမ်ငယ်နေတတ်တယ်။ ကိုယ့်ကိုယ်ကိုလည်း မကျေမနပ်ဖြစ်မိတယ်။ အဲဒီလိုအပြုအမူတွေအတွက် ဘာအပြစ်များရလို့လဲ။ ဘာတွေရလို့ ဒီလောက်တောင်ဆိုးဝါးတဲ့ အတွေ့အကြုံအမျိုးကို သင်ပေးရတာလဲ။

'ကျမ'ဘယ်လောက်ထိဖြစ်ခဲ့လဲဆိုရင် လိင်တူဆက်ဆံဖို့အထိတောင်ဖြစ်ခဲ့တယ်။ အဘွားကလည်း ယောကျ်ားလေးတွေနဲ့ပေါင်းတာကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး ပိတ်ပင်တားမြစ်နေတာလေ။ ဟိုသူနဲ့မပေါင်းနဲ့ ဒီလူနဲ့မပေါင်းနဲ့ ဆိုပြီးတော့။ ဒါတွေဟာ 'ကျမ'အတွက် စိတ်အနှောင့်အယှက်အများကြီးဖြစ်ခဲ့တယ်။ စိတ်ထဲမှာအစိုင်အခဲတွေပဲဖြစ်ခဲ့တယ်။ မကျေနပ်မှုတွေနဲ့ ငယ်ဘဝကိုဖြတ်သန်းနေရချိန်ပေါ့။ အရမ်းကိုပင်ပန်းလွန်းအားကြီးခဲ့တဲ့ အချိန်တွေပဲ။ အရမ်းပင်ပန်းပြီး အရမ်းကိုနွမ်းနယ်ခဲ့ရတာ။ မိန်းကလေးအပေါင်းအသင်းဆိုတာတောင် လောက်လောက်လားလားမရှိခဲ့ဘူး။ တစ်ယောက်နှစ်ယောက်လောက်ပဲ ရင်းရင်းနှီးနှီးရှိခဲ့တယ်။

ကိုယ်နဲ့နည်းနည်းစိတ်တူကိုယ်တူဖြစ်နေတဲ့ သူငယ်ချင်းမိန်းကလေးတစ်ယောက်နဲ့ပါ။ အားလုံးရဲ့မမြင်ကွယ်ရာ၊ စိတ်ကွယ်ရာမှာ လူကြီးတွေစိတ်ချလက်ချဖြစ်နေတဲ့အချိန်မှာပါ။ အရမ်းလည်းချစ်ကြတဲ့သူငယ်ချင်းတွေလေ။ တစ်ယောက်နဲ့ တစ်ယောက်ကျီစယ်နောက်ပြောင်ရင်းကနေ အကျီစယ်လွန်ပြီးသာယာခဲ့ကြတယ်။ တပ်မက်မိကြတယ်။ အဲဒီကနေ တစ်ယောက်ကိုတစ်ယောက်နမ်းမိတော့တာပဲ။ ဒီကနေတဖြည်းဖြည်းအဆင့်တက်သွားပြီး သာယာနေခဲ့ကြတာ နှစ်ယောက်စလုံးမိမွေးတိုင်းဖမွေးတိုင်းဖြစ်သွားတဲ့ထိပဲ။ အဲဒီအထိအရှိန်မသတ်နိုင်ခဲ့ဘူး။ အရမ်းကိုတပ်မက်နေမိတယ်။ သူ့ခန္ဓာကိုယ်နဲ့'ကျမ'ခန္ဓာကိုယ်ဟာ အတူတူဖြစ်နေတယ်ဆိုတာကို နောက်ကျမှသတိထားခဲ့မိတယ်။ ဘာမှပိုပြီး တပ်မက်စရာမရှိတာကို 'ကျမ'သွားတွေ့တယ်။ သတိလည်းထားမိလိုက်တယ်။ အဲဒီအချိန်ကျမှပဲ 'ကျမ'ရဲ့ ဆန္ဒတွေဟာ လိုက်ဖမ်းလို့မရအောင်ကို ပျောက်သွားတယ်။ ထပ်ပြီးစူးစမ်းချင်စိတ်လည်း ကုန်ခန်းသွားတယ်။ နှစ်ယောက်သားဖက်ငိုရင်း နောင်တတွေတသီတတန်းကြီးနဲ့ပေါ့။ အဲဒီအချိန်ကစပြီး 'ကျမ'တို့ အဲဒီအကြောင်းကို တစ်ယောက်နဲ့တစ်ယောက် သဘောတူထားခြင်းမရှိဘဲ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောမိကြတော့ဘူး။

ဒါတွေဟာ ယဉ်ကျေးမှုတွေရဲ့ တန်ပြန်သက်ရောက်မှုတွေလား။ 'ကျွမ'ကိုယ်'ကျွမ' နောက်ပိုင်းမှ သတိထားမိတာက 'ကျွမ'ဟာ ဘောလုံးတစ်လုံးကို စုံကိုင်ပြီး ရေထဲကိုနှစ်နေ ရသလိုပဲ။ 'ကျွမ' ဖိလေ သူကပြန်ကန်ဖို့ပိုကြိုးစားလေပဲ။ 'ကျွမ'ကနှစ်နှစ်နှစ်လေ သူကပိုပို ကန်လေပဲ။ သူရဲ့သဘာဝကိုက အမြဲတမ်းအပေါ်မှာပဲနေချင်တာလေ။ ဒါကို'ကျွမ'တို့က အတင်းဖိနှိပ်နေကြတာ။ ဒီအတွက်ရလဒ်တွေကဘာတွေလဲ။ 'ကျွမ'တို့ဆက်မဖိနိုင်လောက် အောင် ညောင်းညာလာတဲ့အခါမှာ ဘယ်လိုအကျိုးရလဒ်တွေရလာလဲ။ ဘယ်လိုပြန်ကန်မှုမျိုး တွေကို တွေ့ကြုံရလဲ။

ရှင်အသိပဲ။ သတင်းစာတွေရဲ့ စာမျက်နှာတွေမှာလည်း ရှင်တွေ့မှာပါ။ အဖေက သမီးကိုပြန်ဆက်ဆံတာမျိုးတွေ၊ ဦးလေးက တူမကိုပြန်ဆက်ဆံတာမျိုးတွေ အများကြီးတွေ့ရ မှာပါ။ ဒါတောင်စာမျက်နှာပေါ်ရောက်လာတဲ့ကိစ္စပဲရှိသေးတယ်။ စာမျက်နှာပေါ်ရောက်မ လာတဲ့ကိစ္စတွေ ဘယ်လောက်များနေမလဲဆိုတာ ရှင်စဉ်းစားကြည့်ပါ။ 'ကျွမ'ကိုယ်တွေ့အနေ နဲ့ ဘယ်လောက်တောင်လဲဆိုရင် တစ်အိမ်လုံးမှာသားအဖနှစ်ယောက်တည်းနေတယ်။ သမီးက ကိုယ်ဝန်နဲ့ ဒီအတွက်လည်း ပျော်နေကြတယ်။ ဒါပေမယ့်တစ်ခါတစ်လေတော့ လင်မယားတွေ လိုရန်ဖြစ်သံတွေကိုကြားရတယ်။ ဒါကြောင့်ဒီလိုကိစ္စတွေကို ကျေကျေနပ်နပ်နဲ့လက်ခံထားကြ တဲ့သူတွေ ဘယ်လောက်တောင်ရှိနေမလဲဆိုတာ 'ကျွမ'မတွေးတတ်ဘူး။ ဒါတွေဟာ ဘာတွေ လဲ။ ဘောလုံးရေထဲက ပြန်ကန်တက်လာတာပေါ့။ ဆက်ပြီးမဖိနိုင်လောက်အောင် လက်မောင်း တွေတောင့်တင်းသွားတဲ့အခါ လွှတ်မိလိုက်ကြတာပဲ။ ဘယ်လောက်ထိဖိထားနိုင်မှာမို့လို့လဲ။

'ကျွမ'အထင်တော့ ဒါတွေဟာဖိချင်လွန်းလို့ ဖိရကောင်းမှန်းသိလို့ဖိထားကြတာမ ဟုတ်ဘူး။ မဖိချင်ဖိချင်နဲ့ကို ဖိနေရတာ။ အဲဒါကြောင့်မို့လည်း မပေါက်ကွဲသင့်တဲ့နေရာမှာ ပေါက်ကွဲထွက်ကုန်တာ။ ချုပ်တည်းနေရတာ။ ချုပ်တည်းလို့ကောင်းတဲ့အရာဘာများရှိလို့လဲ။ ဝမ်းတောင်မှ ချုပ်တည်းချင်တိုင်း ချုပ်တည်းလို့ရလို့လား။ သွားချင်လာတဲ့အခါ သွားရတာပဲ မဟုတ်လား။ အဲဒီအတွက်သီးသန့်နေရာတောင်ထားထားရတယ်မဟုတ်လား။ သွားချင်တဲ့ အခါမသွားရင် တွေ့ကရာနေရာမှာထွက်ကျကုန်မှာပေါ့။ မဟုတ်လား။

'ကျွမ'တို့လူဖြစ်လာပြီဆိုကတည်းကိုက အစာစားရမယ်။ အစာကြေပြီ်သွားတဲ့ အခါကျရင် ဝမ်းသွားကြမယ် စတာတွေကပါလာပြီးသားပဲ။ ကန့်သတ်ပြီးသားပဲ။ စားသင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်စားပြီး သွားသင့်တဲ့အချိန်သွားရတာပဲမဟုတ်လား။ ဝမ်းသွားတာကို ရှက်စရာတစ်ခု အဖြစ်ချုပ်တည်းပြီး ထိန်းချုပ်ကြည့်ပါလား။ တစ်သက်လုံးဝမ်းမသွားဘဲနေလို့ရလား။ ချုပ်တည်းကြည့်ပါလား။ မဖြစ်သင့်တဲ့ရောဂါတွေ ဖြစ်လာမှာပဲမဟုတ်လား။ ဒီအတိုင်းပဲ လိင်စိတ်ဆိုတာလည်း နဂိုကတည်းကပါလာပြီးသားမဟုတ်လား။ မွေးလာပြီးကတည်းက ဘယ်သူ့မှာတော့ လိင်စိတ်ပါမလာဘူးဆိုတာ ဘယ်သူတွေ့ဖူးလို့လဲ။ ဆက်နွယ်ဖို့အတွက် လိင်အင်္ဂါတောင် တစ်ပါတည်းပါလာပြီးသားမဟုတ်လား။ ဒီလိုသဘာဝအလျောက်ပါလာတဲ့အရာကို အတင်းချုပ်တည်းနိုင်းနေတော့ ဘာတွေဖြစ်လာသလဲ။ ရောဂါတွေဖြစ်လာတာပေါ့။ ဒီထက်ဆိုးဝါးတဲ့ ရောဂါတွေတောင် ရှိနေဦးမလားပဲ။

'ကျမ'အနေနဲ့တော့ ဒါတွေကို စာနာပြီးပြောတာပါ။ သူတို့တွေကိုစာနာနေမိတာပါ။ သူတို့ဖြစ်ပျက်ခံစားရတာတွေကို 'ကျမ' ဖြစ်ပျက်ခံစားခဲ့ရတာတွေနဲ့ နှိုင်းယှဉ်ပြီးစာနာတာ။ 'ကျမ'တို့စာနာသင့်တယ် မဟုတ်လား။ ဒီလိုအဖြစ်အပျက်တွေကို ကြည့်ခြင်းအားဖြင့် သူတို့တွေဘယ်လောက်တောင် ချုပ်တည်းနေခဲ့ရတယ်ဆိုတာ သိပ်သိသာနေတာပဲ။ ဒါတွေဟာ မချုပ် တည်းနိုင်တော့တဲ့အဆုံး ကိုယ့်ရဲ့ချုပ်တည်းနိုင်စွမ်းထက်ပိုပြီး ထိန်းချုပ်မိတဲ့အတွက် ပေါက်ကွဲထွက် လာတဲ့အရာတွေပဲမဟုတ်လား။ 'ကျမ'တို့တွေလည်း ချုပ်တည်းခဲ့ကြရတာပဲ။ ဒါနဲ့များဘာလို့ မစာနာနိုင်ကြတာလဲ။ တကယ်တမ်း သေသေချာချာစဉ်းစားကြည့်ရင် 'ကျမ' တို့ရဲ့မသိစိတ်တစ်နေရာ စိတ်ကွယ်ရာတစ်နေရာမှာကော ဖောက်ပြန်နေကြတယ်မဟုတ်ဘူးလား။ သူတို့တွေကတော့ စိတ်ကွယ်ရာမဟုတ်တဲ့နေရာမှာတောင် ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘူးလေ။ ဒါကြောင့်မို့လို့ အုံကြွပေါက်ကွဲထွက်လာတာပေါ့။ ရောဂါတွေထူပြောလာတာပေါ့။

ဒီလိုမျိုးချုပ်တည်းဖို့ကို ဖိအားပိုင်းပေးတာ ဘယ်သူတွေလဲ။ ဒီလူတွေပဲမဟုတ်လား။ ဒီပတ်ဝန်းကျင်ပဲမဟုတ်လား။ ဒါတွေဟာ နယ်နဲ့မြို့မှာတောင် အရမ်းကွာဟတယ်။ နယ်ဘက်ရွာဘက်တွေမှာဆိုရင် 'ကျမ'တို့ရွာဘက်တွေပေါ့။ မိန်းကလေးမပြောနဲ့ ယောကျ်ားလေးတစ်ယောက်အပြာကားကြည့်တယ်ဆိုရင်တောင် ဘယ်လောက်ဝိုင်းအကြဉ်ခံလိုက်ရမလဲဆိုတာ စဉ်းစားကြည့်။ မြို့ဘက်တွေမှာတော့ ယောကျ်ားလေးတစ်ယောက်အပြာကားကြည့်တာ လောက် စကားထဲတောင်ထည့်မပြောတော့ဘူး။ ယောကျ်ားလေးတိုင်း ကြည့်ဖူးတယ်ဆိုတာ လည်း လူတိုင်းသိနေတဲ့ကိစ္စပဲ။ ဘာမှထူးခြားတဲ့ကိစ္စမဟုတ်တော့ဘူး။ ဒါပေမယ့်မိန်းကလေး တွေအတွက်တော့ အတော်ဝေးဦးမှာပဲ။ ဒါပေမယ့် ခိုးမကြည့်ချင်တဲ့သူ ဘယ်သူရှိလဲ။

www.burmeseclassic.com



ဘယ်သူမှမသိဘဲနဲ့ ကြည့်ရမယ်ဆိုရင် ဘယ်သူမကြည့်ချင်ဘဲနေမလဲ။ ရှင်းရှင်းလေးပဲ။ ဒါတောင် ဒါတွေကို မယဉ်ကျေးဘူး။ ရှက်စရာကိစ္စတွေ၊ တဏှာကြီးတဲ့သူဆိုပြီး ဘာလို့ ဝိုင်းကဲ့ရဲ့ရှုတ်ချချင်ရတာလဲ။ ကိုယ်ကိုယ်တိုင်ကော ကိုယ့်ဘာသာကိုယ်ဘာလို့ နှိုင်းယှဉ်ပြီး ပြန်မကြည့်ကြရတာလဲ။

ဒါမတရားဘူးမဟုတ်လား။ မတရားဘူးလို့ ရှင်မထင်ဘူးလား။ ကိုယ့်ကိုယ်ကို ချုပ်တည်းဖို့ ဖိအားမျိုးစုံဝိုင်းပေးတာ ဘယ်သူတွေလဲ။ မချုပ်တည်းနိုင်လို့ ပေါက်ထွက်လာတဲ့ အခါ ထောင်ထဲထည့်ပြီးအရေးယူတာကော ဘယ်သူတွေလဲ။ ဝိုင်းပြီး ရှုတ်ချ၊ အပြစ်တင်၊ မကောင်းဆိုးဝါးအဖြစ်မြင်နေကြတာဘယ်သူတွေလဲ။ ဒီပတ်ဝန်းကျင်၊ ဒီလူတွေပဲမှတ်လား။

လူတစ်ယောက်မုဒိမ်းမှုကျူးလွန်လို့ ထောင်ထဲထည့်နှိပ်စက်လိုက်တာနဲ့ အဲဒီကျူးလွန်သူမှာ လိင်ဆက်ဆံချင်တဲ့စိတ်ကပျောက်သွားကောလား။ ဒါအနိုင်ကျင့်တာပဲ။ မဖြစ်နိုင်မှန်းသိသိကြီးနဲ့ကို လူတစ်ယောက်ကို ညှဉ်းဆဲနေကြတာ။ နဂိုကတည်းက ဖိနှိပ်ခံရလွန်းလို့ အုံကြွနေပါတယ်ဆိုမှ ထပ်ပြီးအကြမ်းဖိနှိပ်လို့ဘာဖြစ်သွားမှာလဲ။ ပိုပြီးထပ်ဖြစ်ဖို့ အား ပေးနေတာနဲ့မတူဘူးလား။ ပြည့်တန်ဆာလောကမှာလည်း 'ကျူမ'လိုလူမျိုးများများရှိရင် ကောင်းမယ်။ ဒါမှ ဒီလူတွေရဲ့ စိတ်တွေပြေပျောက်ဖို့ စွမ်းဆောင်နိုင်မှာလေ။ မုဒိမ်းမှုတွေကို ကာကွယ်နိုင်မှာလေ။ သူတို့အတွက်ထွက်ပေါက်ပေးရမှာလေ။ ပေါက်ထွက်ဖို့နေရာပေးရမှာ။ မြို့မှာပိုက်ဆံရှိတဲ့သူတွေအတွက်က ပြဿနာမရှိဘူး။ ပိုက်ဆံပေးနိုင်ရင် အချိန်မရွေး ပေါက်ထွက်လို့ရတယ်။ အများကြီး။ ဒါပေမယ့်ဘဝမှာ စားဖို့သောက်ဖို့အတွက်တောင် အနိုင်နိုင်ဖြစ်နေတဲ့သူတွေအတွက်လိုတယ်လေ။ လူတစ်ယောက်ဟာ စားဖို့သောက်ဖို့အတွက်ပဲ အသက်ရှင်နေတာမှမဟုတ်ဘဲ။ ကာမဆက်ဆံဖို့လည်းလိုသေးတယ်မဟုတ်လား။ သူတို့ရဲ့စိတ်ဆန္ဒတွေကိုဖြည့်ဆည်းပေးခြင်းသာ ဒီလိုကိစ္စတွေကို ကာကွယ်နိုင်မှာမဟုတ်လား။ တားဆီးနိုင်မှာမဟုတ်လား။ ဒီကိစ္စတွေကို ဥပဒေလက်ထဲလွှဲထားခြင်းထက် 'ကျူမ'တို့လိုပြည့်တန်ဆာတွေ လက်ထဲအပ်ထားတာပိုကောင်းတယ်လို့မထင်ဘူးလား။ ဒါပေမယ့်လည်း ပြည့်တန်ဆာလောကမှာတော့ဒီလိုလူမျိုးကို 'ကျူမ'မတွေ့ဖူးဘူး။

ပြည့်တန်ဆာဆိုတာနဲ့ အိမ်ထောင်ပြုကြတဲ့မိန်းမကောင်းဆိုတာကကော ဘာကွာလို့ လဲ။ အကျိုးအမြတ်တစ်ခုခုကို မျှော်ကိုးပြီး ကိုယ့်ကိုယ်ကို ရောင်းစားနေကြတာမဟုတ်လား။ အကျိုးအမြတ်မမျှော်ကိုးဘဲ သူတစ်ပါးဆန္ဒပြည့်ဝဖို့အတွက် ဘယ်သူဖြည့်ဆည်းပေးဖူးသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးချင်လို့လဲ။ ဖြည့်ဆည်းပေးမိရင်တောင် ဒါဟာလက်ငင်းအကျိုးထက် နောင်လာမယ့်အကျိုးများများကို မျှော်ကိုးထားတာပဲ။ ရင်းနှီးမြုပ်နှံမှုတစ်ခုပဲ။ ရေရှည်ရင်းနှီးမြုပ်နှံမှုပေါ့။ ဒါကြောင့်မို့လို့ 'ကျမ'တို့ဟာ တစ်ယောက်နဲ့တစ်ယောက်တစ်ကယ် စာနာထောက်ထားနေတယ်ဆိုတာဟာ တကယ်ကောဟုတ်လို့လား။

'ကျမ'ကတော့ အပြစ်လုပ်တဲ့သူတွေကို စာနာထောက်ထားမိသလို၊ အပြစ်ဆိုပြီး ဝိုင်းဝန်းဝေဖန်နေကြတဲ့သူတွေကိုလည်းသနားမိတယ်။ ဘာလို့လဲဆိုတော့ သူတို့တွေက တစ်သက်လုံး ကိုယ့်ကိုယ်ကိုလိမ်ညာမှန်းမသိလိမ်ညာနေကြလို့ပဲ။ ဒီကိစ္စကိုရှက်စရာ၊ မယဉ်ကျေးစရာတစ်ခုအဖြစ်သင်ကြားခံခဲ့ရတော့ ဒီစိတ်တွေဖြစ်ပေါ်လာရင်ပဲကြောက်ကြောက်လာတယ်။ ကိုယ့်ကိုယ်ကို ရှက်ရှက်လာတယ်။ မယဉ်ကျေးဘူးထင်လာတယ်။ ဒီအခါ ကိုယ်ကိုယ်တိုင် ယဉ်ကျေးသူဖြစ်ချင်တော့ ကိုယ့်ကိုယ်ကိုဖိနှိပ်လာတယ်။ ဖုံးကွယ်လာတယ်။ ဟန်ဆောင်လာတယ်။ ပထမကိုယ့်ကိုယ်ကိုလိမ်ညာရင်းကနေ ဒါကိုတကယ်အမှန်ထင်သွားကြတာ။ လိမ်ညာတာများသွားတဲ့အခါမှာ၊ ထပ်တလဲလဲလိမ်ညာမိတဲ့အခါမှာ ဒါကိုအမှန်လို့ တစ်သက်လုံးယူဆသွားကြတာ။

ဒီဆက်ဆံတဲ့အရသာကိုတောင် သေချာမသိသေးဘဲ သေဆုံးသွားကြတဲ့လူပျိုကြီး၊ အပျိုကြီးတွေ ဘယ်လောက်များလဲ။ ဒီလိုထိန်းနိုင်တာကိုတောင် သူတို့က ဂုဏ်ယူနေကြသေးတယ်။ ဒါပေမယ့်'ကျမ'ဆီ ဘယ်သူမှမသိအောင်လာနေတဲ့ လူပျိုကြီးတွေအများကြီးတွေ့ဖူးတယ်။ သူတို့ကိုကြည့်ရတာ ရယ်လည်းရယ်စရာကောင်းတယ်။ သနားလည်းသနားစရာကောင်းတယ်။ နေချင်လိုက်တာလည်းလွန်ရော။ ရှက်တတ်လိုက်တာလည်းလွန်ရောပဲ။ အတွင်းထဲမှာကြိတ်ပြီးဖောက်ပြန်နေတဲ့ အပျိုကြီးတွေလည်း တွေ့ဖူးတယ်။ သူတို့ကိုယ်သူတို့ တရားသမားတွေဆိုပြီး ဒိုင်းတစ်ခုတောင်ဆောင်ပြီး ကာကွယ်ထားလိုက်သေးတယ်။ ဒီစိတ်ဟာအပြစ်ပါဆိုပြီး သူတို့မြင်ထားတဲ့အမြင်ကို မှန်ကန်ကြောင်း ကိုယ့်ကိုယ်ကိုသက်သေပြဖို့၊ တခြားသူတွေကိုလိမ်ညာဖို့၊ တရားထိုင်နေကြတာ။ သိပ်ပင်ပန်းကြတာပဲ။ သနားဖို့လည်းသိပ်ကောင်းတယ်။

တစ်သက်လုံးကိုယ့်ကိုယ်ကိုလိမ်ညာခဲ့ကြသလို သူများတွေကိုလည်း လိမ်ညာခဲ့ကြတယ်။ ဒီအပြင် နောက်မျိုးဆက်တွေကိုတောင် ဒါအမှန်၊ ဒါရှက်စရာဆိုတာကိုချပြပြီး သွန်သင်လမ်းညွှန်နေကြသေးတယ်။ လိင်အရသာကိုတောင်အပြည့်အဝမခံစားဘူးဘဲ

www.burmeseclassic.com



ဒါကောင်းတယ်၊ မကောင်းဘူး သူတို့ဘယ်လိုသိကြသလဲ။ သူများတကာပြောတဲ့ စကားတစ်ခွန်းနဲ့ ကိုယ့်ဘဝကိုယ်တည်ဆောက်ထားကြတာ။ ကိုယ်တိုင်တွေ့ကြုံခံစားမှုမရှိဘဲ တည်ဆောက်ထားကြတာ။ ဒါကိုမှန်ပါတယ်လို့ ဘယ်လိုပြောမလဲ။ တစ်သက်လုံးရွတ်လာတာက မှသာဝါဒ၊ ဒါပေမယ့် တစ်သက်လုံးကျူးလွန်လာတာကလည်း မှသာဝါဒပဲမဟုတ်လား။ ဒီစိတ်ရှိနေလျက်နဲ့ မရှိပါဘူးဆိုပြီး ဟန်ဆောင်လှိမ်ညာခဲ့ကြတာ မဟုတ်ဘူးလား။ သိပ်ကိုယုတ္တိရှိပြီးပီပြင်အောင် လိမ်ညာနိုင်ခဲ့ကြတယ်လေ။ ဒါတွေပြောနေတာက 'ကျမ'သူတို့တွေကိုသနားလို့ပါ။ ရှက်တဲ့အတွက်၊ မယဉ်ကျေးမှာစိုးတဲ့အတွက်၊ ဝိုင်းပယ်ခံရမှာကြောက်တဲ့အတွက် စိတ်ထဲမှာရှိတာတွေကို မထုတ်မဖော်နဲ့ဖိနှိပ်နေကြရတာကို သနားလို့ပါ။

ရှင်ကပြုံးရဲ့ပဲပြုံးတတ်တာလား။ 'ကျမ'ဘာပြောပြောဘာလို့ ပြုံးရဲ့ပဲပြုံးနေရတာလဲ။ ဘာလဲ'ကျမ'ကို လှောင်ချင်လို့လား။ သရော်တာလား။ ခေါင်းမခါပါနဲ့။ ရှင်ကတကယ့်ကိုတုံးဂျိုဘာဝေပဲ။ ကဲပါလေ 'ကျမ'ကို ရေအေးအေးလေးနည်းနည်းလောက်တိုက်စမ်းပါ။ ကျမချည်းပြောနေရတာမောလာပြီ။ ရှင်ကတော့ သွေးအေးသတ္တဝါပဲ။ အေးလေရှင်ကသွေးမအေးလို့မှမရတာ။ HIV ကာကွယ်ဖို့အတွက် လိင်ပညာပေးနေရတဲ့ဆရာဝန်တစ်ယောက်ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့။ နှင့်မို့ဆိုရှင်လည်း ဘယ်လွယ်မလဲ။ အား . . . အခုမှပဲ အာခေါင်ချောက်သက်သာတော့တယ်။

'ကျမ'ဒီလောက်စကားများများ မပြောဖြစ်တာအတော်ကြာပြီ။ အိမ်ထောင်ပြုဖို့ကိစ္စ'ကျမ'ဦးလေးနဲ့ စကားအကြီးအကျယ်များပြီးတဲ့နောက်မှာ မလိုတာကိုမပြောမိသလောက်ပဲ။ ပြောချင်စိတ်လည်းမရှိတော့ဘူး။ သူတို့လည်း 'ကျမ'ကိုနားဝင်အောင် မပြောနိုင်သလို 'ကျမ'ပြောတာကိုလည်း သူတို့အနေနဲ့နားထောင်ချင်ပုံတောင်မရဘူး။ အဲဒီအပြင် သူတို့က မျိုးစုံတောင်စွပ်စွဲခဲ့ကြသေးတယ်။ အပျက်မ၊ အရိုင်းအစိုင်းမ၊ မကောင်းတဲ့မိန်းမတို့ဘာတို့ပေါ့ မျိုးစုံပဲ။ သူတို့ပြောသလိုတောင် မပြောတတ်ဘူး။ 'ကျမ'လည်း အကြီးအကျယ်ပြန်ပြောခဲ့တာပေါ့။ ဦးလေးကလည်း 'ကျမ'ကိုကူညီမိတဲ့အတွက် သူနောင်တအကြီးအကျယ်ရတဲ့အကြောင်းပြောတယ်။ ကျောင်းထားပေးမိတာကိုက သူ့အမှားတဲ့။ ဆယ်တန်းအောင်တော့ နယ်ကျောင်းကနေ ဒီမြို့ပေါ်တက်ပြီး ကျောင်းတက်ရတယ်လေ။ 'ကျမ'အတွက် အရမ်းလွတ်လပ်ပြီးပျော်ရွှင်မြူးကြွနေတဲ့အချိန်တွေပေါ့။

ခေါင်းထဲကမြင်းလွှတ်လိုက်တဲ့အတိုင်းကို ကဆုန်ပေါက်ပြီးနှန်းစိုင်းတော့တာပဲ။

www.burmeseclassic.com



'ကျမ'နေချင်သလိုနေတယ်။ သွားချင်တဲ့နေရာတွေသွားတယ်။ တွဲချင်တဲ့သူနဲ့တွဲတယ်။ 'ကျမ' အတွက်ရည်းစားဦးဆိုတာလည်း အဲဒီမှာစခဲ့တာပဲ။ ဒါပေမယ့် ရေရှည်မခံခဲ့ပါဘူး။ ဘာလို့လဲ ဆိုတော့ ငနုံအဖြစ်နေလို့လေ။ 'ကျမ'ရဲ့ဆန္ဒကိုတောင်မသိရှာဘူး။ ထားပါလေ။ သူ့အ ကြောင်းမပြောချင်ပါဘူး။ ဒါနဲ့ 'ကျမ'တစ်ယောက်ပြီးတစ်ယောက်တွဲတာပဲ။ ကျောင်းမှာက တည်းက'ကျမ'နာမည်အတော်ကြီးခဲ့တယ်။ ဘယ်လိုလဲသိလား 'က-က' ဆိုပြီးတော့လေ။ အဲဒီအချိန်တုန်းကတော့ အတော်လေးဒေါသထွက်မိသေးတယ်။ ရန်တွေဘာတွေဖြစ်လို့။ ပြန်တွေးကြည့်တော့လည်းပျော်စရာပါပဲ။ အဲဒီတုန်းကတော့ အရွဲ့တိုက်ပစ်ခဲ့တယ်။ ဒါပေမယ့် အဲဒီတုန်းက ယောကျ်ားလေးတွေနဲ့တွဲရင်တွဲတယ်။ မတွဲဖြစ်ရင် စာတွေ၊ ကဗျာတွေဖတ်ဖြစ် တယ်။ ဘာကြောင့်မှန်းတော့မသိဘူး။ ကဗျာတွေကို တော်တော်လေးကြိုက်ခဲ့တယ်။ 'ကျမ' မှတ်မိနေတဲ့ ကဗျာလေးတောင်ရှိသေးတယ်။ 'ကျမ'ရွတ်ပြမယ်။ ဘာတဲ့ . . .

ငါက
အနက်ရောင်တီရှပ်ဝတ်ပြီး နိဗ္ဗိန္ဒသီချင်းဆိုချင်သူ
အနတ္တအကြောင်းပြောပြီး လိင်စိတ်မကုန်သေးသူ

ရိုးရိုးလေး
ခွေးတစ်ကောင် သူ့သခင်ကို ချစ်သလို
မင်းကို ငါချစ်တယ်
မိန်းမတွေ ဖက်ရှင်ပစ္စည်းစိတ်ဝင်စားသလို
မင်းကို ငါစိတ်ဝင်စားတယ်။

ချစ်ခြင်းမေတ္တာ
ဒီတရားစစ်မှန်ကြောင်းသက်သေက
ယောကျ်ားနဲ့မိန်းမ လက်ထပ်ခြင်းပဲလား။

ဘာလဲ ချစ်သူဘာဝဆိုတာ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘဝဆိုတာ
တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့
ဆန့်ကျင်ဘက်လိင်တစ်ယောက်နဲ့ အပျော်ရည်းစားထားခြင်း
ဒါမှမဟုတ်
အရေပြားချင်း ပွတ်သပ်ဖို့ [redacted]နေ့မှာ ချိန်းတွေ့ခြင်း
မင်းက
ဒီလိုထင်မြင်ထားလို့လား။

တဲ့။ ကဗျာကတော့အရှည်ကြီးပဲ။ အကုန်မမှတ်မိဘူး။ တော်တော်လေးကိုရှည်တာ။ ဒါပေမယ့် ဒီနေရာလေးပဲ 'ကျမ'ရင်ထဲမှာ စွဲမြဲသွားတယ်။ 'ကဗျာဆရာအောင်ရင်ငြိမ်း'ရေးတာလေ။ ရှင်လည်းဖတ်ဖူးမှာပါ။

ဒါကြောင့်မို့'ကျမ'ရဲ့ချစ်သူရည်းစားဘဝတွေဟာ အရေပြားချင်း ပွတ်သပ်ကျီစယ်ဖို့ချည်းပဲ မဟုတ်ခဲ့ဘူး။ အရေပြားချင်းပွတ်သပ်ကျီစယ်နေချင်ရုံလေးနဲ့လည်း ဘယ်သူမှတစ်ယောက်ကို တစ်ယောက်ချစ်တယ်လို့မပြောဘူး။ ပြောခဲ့ရင်လည်းလိမ်တာပဲဖြစ်လိမ့်မယ်။ ဒါတွေက 'ကျမ'ကိုယ်'ကျမ'နဲ့ နှိုင်းပြီးနားလည်ခဲ့တာတွေပါ။ ကိုယ့်ကိုယ်ကိုနဲ့နှိုင်းပြီး ရိုင်းတယ်ထင်ရင်လည်း မတတ်နိုင်ဘူး။ ဖြစ်တဲ့ဟာကိုတော့ပြောရမှာပဲ။ 'ကျမ'ထားဖူးတဲ့ ချစ်သူရည်းစားဆိုတာတွေ အကုန်လုံးလည်း ဒီအတိုင်းချည်းပဲ။ အကုန်လုံးလိင်စိတ်နဲ့ ချစ်ချင်ကြတာချည်းပဲ။ ချစ်နေကြတာချည်းပဲ။ ကိုယ့်ဆန္ဒပြည့်ဝသွားတဲ့အခါမှာ အချစ်ဆိုတာတွေလည်း လျော့ပါးသွားတယ်။ ဘယ်သူမှဖက်တွယ်မနေချင်ဘူး။ ဖက်တွယ်ထားရင်လည်း အရမ်းပင်ပန်းကြတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် 'ကျမ'ကိုယ်တိုင်လည်းဒီအတိုင်းပဲ။ ဘယ်သူ့ကိုမှ ဖက်တွယ်မထားချင်ဘူး။ ပထမတော့တပ်မက်စိတ်ကြောင့် ချစ်တယ် ချစ်တယ် အရမ်းဖြစ်လာပေမယ့် တကယ်တမ်းဆက်ဆံကြည့်တဲ့အခါမှာ 'ကျမ'ဆန္ဒတွေအပြည့်အဝမရဘူး။ အပြည့်အဝရတယ်ဆိုရင်တောင်မှ ကြာလာတာနဲ့အမျှ အဲဒီတစ်ယောက်အပေါ်ရိုးအီပြီး တပ်မက်စိတ်တွေလည်း ကုန်ခန်းသွားတယ်။ ဒီအတွက်တစ်ယောက်ကိုတစ်ယောက်အကြောင်းအမျိုးမျိုးပြရန်တွေဖြစ်ပြီး လမ်းခွဲလိုက်ကြတယ်။ အတော်များများကတော့ ဒီနေရာမှာတင် တန့်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်ထင်တာပဲ။ ကိုယ့်ဆန္ဒတွေမပြည့်ဝပေမယ့် ပတ်ဝန်းကျင်ကပြောမှာကြောက်တာနဲ့ ကိုယ့်ကိုယ်ကိုလိမ်ညာနေတာတွေနဲ့တင် ဖက်တွယ်ထားကြမှာပဲ။ 'ကျမ'ကတော့ အဲဒီက တည်းက အချစ်ဆိုတာကို အယုံအကြည်မရှိဘူး။ သူတို့ပြောနေတဲ့အချစ်ဆိုတာ တပ်မက်မှုကို ပြောနေကြတာပဲ။ လိင်စိတ်ကိုပဲပြောတာပဲ။

ငယ်ငယ်ကတည်းက ဒီစိတ်ကိုဖိနှိပ်ခဲ့ရတော့ ယောကျ်ားလေးချောချောမောမော မြင်ရင် ချစ်ချင်လာတယ်။ ချစ်တယ်လို့မြင်လာတယ်။ အမှန်ကတော့ လိင်ဆက်ဆံချင်လာတာ ပဲ။ ဆက်ဆံတာကြာလာတာနဲ့အမျှ ကုန်ခန်းလာတာလည်း သတိထားမိတယ်။ ဒါဆိုရင် အချစ်ဆိုတာကိုက ခြောက်ခန်းသွားတတ်တဲ့သဘောပဲ။ ရိုးအီသွားတတ်တဲ့သဘောပဲ။

အရင်ကတည်းက 'ကျမ'ကိုယ်'ကျမ'သိနေတယ်လေ။ 'ကျမ'မှာ ဘယ်လိုစိတ်မျိုးတွေ ဖြစ်ပေါ်နေတယ်ဆိုတာ။ဒါတွေကိုမြို့ရောက်ရင် ဖွင့်ထုတ်ပစ်မယ်ဆိုပြီးတေးထားတာ။ 'ကျမရဲ့' ဆန္ဒမပြည့်ဝခဲ့တာတွေကို အဲဒီတုန်းကတော့ ဘာကြောင့်မှန်းမသိဘူး။ ဒါပေမယ့် နောက်ပိုင်း ကျမှလေ့လာမိ၊ စဉ်းစားမိလာတာက ယောကျ်ားလေးနဲ့မိန်းကလေးမတူဘူးလေ။ ယောကျ်ား လေးတွေမှာ ပြီးတာ–စီးတာမြန်သလောက် မိန်းကလေးတွေမှာ ဒီလောက်မလွယ်ဘူး။ နောက် ပြီးယောကျ်ားလေးကတစ်ခါပြီးရင် စိတ်ကျေနပ်မှုရနိုင်ပေမယ့် မိန်းကလေးကအနည်းဆုံး လေး–ငါး–ခြောက်ခါလောက်ဆက်တိုက်ပြီးမှ ဆန္ဒပြည့်ဝချင်တာလေ။ ဒါကြောင့်မို့ ရည်းစား တွေနဲ့ဘဝမှာ လိင်အထွတ်အထိပ်ဆိုတာကို ကောင်းကောင်းမွန်မွန်တစ်ခါမှမရောက်ဖူးဘူး။

နောက်ပြီးအခုလိုအသက်ကြီးပိုင်းရောက်မှ စဉ်းစားမိတာရှိသေးတယ်။ အခုနောက် ပိုင်းမှပါ။ ငယ်ငယ်တုန်းက ယောကျ်ားလေးတွေလည်း လိင်ပညာပေးတွေဘာတွေမရှိတော့ သူတို့ပြီးချင်တဲ့ဆန္ဒပဲသူတို့သိကြတယ်။ ဒီကြားထဲ ကာမဆက်ဆံရေးနဲ့ပတ်သက်တဲ့စာအုပ်မျိုး ကိုတောင် ခိုးကြောင်ခိုးဝှက်မဖတ်ရဲကြဘူးမှတ်လား။ ဒီတော့သူတို့အနေနဲ့ ပြီးပြီးရောနေကြ တာပဲ။ တစ်ဖက်မိန်းကလေးရဲ့ဆန္ဒကိုလည်း သူတို့စဉ်းတောင်စဉ်းစားမိပုံမလားပဲ။

ဒါကြောင့်မို့ပြောတာ နွားအိုမြက်နုကြိုက်တယ်ဆိုပေမယ့် မြက်နုကလည်း နွားအို ကိုပဲ စားစေချင်တာပဲ။ ဘာလို့လဲဆိုတော့ နွားအိုတွေက ဒီအကြောင်းတွေကို နောကြေနေပြီ လေ။ အတွေ့အကြုံလည်း ရင့်ကျက်နေကြပြီ။ ပြီးတော့ တစ်ဖက်ရဲ့ဆန္ဒကိုလည်းသိနေပြီ။ အခုမှ မနူးမနပ်ဟိုစမ်းဒီစမ်းနဲ့ ယောင်ဝါးဝါးတွေ မဟုတ်တော့ဘူး။ ဒီအတွက်မိန်းကလေးတွေ က အဘိုးကြီးတွေ၊ ဦးလေးကြီးတွေနဲ့တွဲနေကြတာ၊ ယောကျ်ားငယ်ငယ်လေးတွေက အခေါ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေနဲ့တွဲနေကြတာ ဒါတွေကအဆန်းလား။ အပြစ်မှမဟုတ်တာဘဲ။ 'ကျမ'လည်း အဘိုးကြီးတွေအများကြီးနဲ့တွဲခဲ့ဖူးတယ်။

'ကျမ'ဒီအလုပ်လုပ်ပေမယ့် လူတိုင်းကိုတော့ ပိုက်ဆံယူတာမဟုတ်ဘူး။ 'ကျမ'ဆန္ဒကိုဖြည့်ဆည်းပေးနိုင်တဲ့သူတွေဆိုရင် 'ကျမ'ကလည်း ဆန္ဒပြန်ဖြည့်ပေးတယ်။ ဒါ'ကျမ'ရဲ့လက်ဆောင်ပဲ။ ဆန္ဒမဖြည့်ပေးနိုင်တဲ့သူတွေအတွက်တော့ 'ကျမ'ဘဝရပ်တည်ဖို့ငွေကြေးယူတယ်။

ဒါနဲ့ နေပါဦး ကျမခုနပြောနေတာဘယ်ရောက်သွားပြီလဲ။ ပြောရင်းပြောရင်း စကားတွေက ချော်တောငေါ့ကုန်တယ်။ သြော် . . . သိပြီ၊ သိပြီ။ ကျောင်းတုန်းကကိစ္စတွေ။ 'ကျမ'ကို နာမည်ဖျက်ကြသလောက် 'ကျမ'ကလည်းအရွဲ့တိုက်သန်ခဲ့တယ်လေ။ နောက်ပိုင်း ယောကျ်ားလေးတွေကအစ 'ကျမ'ကိုရှောင်လာကြတယ်။ မတတ်နိုင်ဘူး။ 'ကျမ'ကတော့'ကျမ' ပုံစံအတိုင်း 'ကျမ'ဆက်သွားနေတာပဲ။

အဲဒီအချိန်တွေမှာပဲ လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်၊ ရွေးချယ်ခွင့်ဆိုတာတွေကို 'ကျမ'နားလည်ခဲ့တယ်။ စာလည်းအတော်များများဖတ်ဖြစ်ခဲ့တယ်။ စာအဖတ်ခဲ့ဆုံးအချိန်တွေပဲ။ ဘာလို့လဲဆိုတော့ ကဗျာတွေဖတ်ပြီးကဗျာတွေစပ်နေရတာ 'ကျမ'အတွက်ယောကျ်ားတစ်ယောက်နဲ့ အတူတူနေနေရသလိုခံစားရလို့ပဲ။ ဒါကြောင့် ကဗျာတွေ စာတွေနဲ့'ကျမ'နပန်းလုံးခဲ့သေးတယ်။ ကဗျာရွှေတောင်ရှူးခဲ့သေးတယ်။ ရှင်နားထောင်မလား 'ကျမ'မှတ်မိသလောက်ပြန်ရွတ်ပြမယ်လေ။ သြော် . . ခေါင်းညိတ်ဖော်ရသေးတယ်နော်။ မသိပါဘူး'ကျမ'က ရှင်လူပ်များမလှုပ်တော့ဘူးလားလို့။ ကဲ . ကဲ . . ကျမရွတ်ပြမယ်နော် . .

ရေတွေဘယ်လောက်–လောင်းလောင်း
မိုးတွေဘယ်လောက်–ဖွေဖွေ
နွမ်းရှိုက်မောဟိုက်နေတဲ့
နှင်းဆီပွင့်ကလေးကတော့
ပွင့်ဖတ်တွေသာ
တစ်လွှာချင်း ခြွေချနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ကဲ–မကောင်းလား။ 'ကဗျာဆရာအောင်ရင်ငြိမ်း'လို အရှည်ကြီးတော့မစပ်နိုင်ဘူး။ စပ်လည်းမစပ်တတ်ဘူး။ နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ် ဘယ်သူ့မှမတောင်းဆိုတော့လည်း ကိုယ့်ဘာသာကိုယ်ပဲတောင်းဆိုရတာပေါ့။ ဟုတ်တယ်မှတ်လား။ ရွတ်ပြမယ်နော် . နားထောင် . .

ဆောင်းညတစ်ညရဲ့
နှီးတစ်ဝက်မှာ
တောင်းတောင်းတတနဲ့
တိုးဖက်ချင်ပေမယ့်
လက်ထဲမှာက လပ်ဟာနေတယ်။

ကဲ ကဗျာဆရာမ ဖြစ်နိုင်တယ်မဟုတ်လား။ အခုနေပြန်စဉ်းစားမိတာတောင်ငယ်မူနည်းနည်းပြန်ချင်လာသလိုခံစားရတယ်။ အဲဒီတုန်းကတော့ ကိုယ့်ဘာသာရေးပြီး ကိုယ့်ဘာသာကိုယ်ကြိုက်နေတာလေ။ အခုလည်းကြိုက်တယ်လို့ ပြောလို့ရပါသေးတယ်။

ဒါပေမယ့် 'ကျမ'ကဗျာစပ်နေတဲ့ညတွေဟာ သိပ်ကြာရှည်မခံခဲ့ပါဘူး။ ဒုတိယနှစ်ပြီးတော့ ရွာပြန်တယ်လေ။ သြော် မေ့နေတယ်ကြည့်စမ်း။ အဘွားဆုံးတဲ့ကိစ္စကို။ အဘွားက ပထမနှစ်ရဲ့ ဒုတိယနှစ်ဝက်မှာဆုံးတာ။ ကျောင်းတက်နေတုန်း ဆယ့်ငါးရက်လောက် ရွာပြန်နေရသေးတယ်။ ဒါပေမယ့် ဒုတိယနှစ်စာမေးပွဲအပြီးမှာတော့ ဦးလေးက 'ကျမ'အကြောင်းတွေကိုသိပြီး သူ့သူငယ်ချင်းတစ်ယောက်ရဲ့သားနဲ့ မင်္ဂလာဆောင်ပေးဖို့ ကျိတ်ပြီးလုပ်နေတယ်။

သူတို့ သေသေချာချာ စီစဉ်ပြီးမှ 'ကျမ'ကို သတိပေးတာ။ 'ကျမ'ကျောင်းမှာ နေပုံထိုင်ပုံတွေနဲ့ ပတ်သက်ပြီးတော့လည်းဆူတယ်။ မျိုးရိုးမှာ ဒါမျိုးမရှိဘူးတို့၊ သူတို့သိက္ခာဘယ်လောက်ကျလဲတို့၊ သိက္ခာပြန်ဆယ်ဖို့အတွက် အိမ်ထောင်ပြုရမယ်တို့မျိုးစုံပေါ့။ 'ကျမ'လည်း အကုန်တောင်မမှတ်မိဘူး။ များလွန်းလို့။

'ကျမ'လည်း ဒါတွေဟာ 'ကျမ'အတွက် အထူးပြုလုပ်ထားတဲ့ ထောင်ချောက်ဆိုတာကို နားလည်ခဲ့တယ်။ ဦးလေးရဲ့သူငယ်ချင်းနဲ့ဦးလေးက စီးပွားတူချင်းဆိုတော့ 'ကျမ'ကို

www.burmeseclassic.com

www.burmeseclassic.com



ရောင်းစားနေတာ အလဲအလှယ်လုပ်နေတယ်ဆိုတာကို 'ကျမ'နားလည်တယ်။ သူတို့ကတော့ 'ကျမ'ကောင်းစားဖို့ဆိုတာကိုပဲ ရှေ့တန်းတင်ပြီးပြောနေပေမယ့် 'ကျမ' အယုံအကြည်မရှိဘူး။ လူတစ်ယောက်ရဲ့စိတ်ဆန္ဒမပါဘဲ အဲဒီလူကောင်းစားဖို့အတွက်ဆိုပြီးပြောနေတဲ့ စေတနာစကားတွေဟာ အလကားတွေပဲ။ သုံးစားလို့မရတဲ့ဟာတွေပဲ။ အသံကောင်းဟစ်နေကြတာ။ သူတို့ရဲ့ စေတနာဆိုတာတွေနဲ့ 'ကျမ'ကို ချုပ်နှောင်နေကြတာ။

'ကျမ'ကိုယ်'ကျမ'သာလျှင်ရောင်းစားမယ်။ သူများရောင်းစားတာတော့မခံဘူး။ ကိုယ့်ခန္ဓာကိုယ်နဲ့ကိုယ့်ပစ္စည်း ကိုယ့်ဘာသာကိုယ် ကိုယ်ရောင်းချင်တဲ့ဆီရောင်းမှာပေါ့။ ဘာလို့အားလူက ကိုယ်ပိုင်ပစ္စည်းမဟုတ်ဘဲ ဝင်ပြီး အရောင်းအဝယ်လုပ်နေရတာလဲ။ အဲဒီလိုလူမျိုးတွေက အနိုင်ကျင့်တဲ့လူမျိုးတွေ၊ ဖောက်ပြန်တဲ့လူမျိုးတွေ မဟုတ်ကြဘူးလား။ သူခိုးတစ်ယောက်က သူများအိမ်က ပစ္စည်းကိုခိုးပြီး ဈေးမှာသွားရောင်းတော့ ထောင်ထဲထည့်ကြတယ်။ သူခိုးဆိုပြီးတော့ ဝိုင်းရှုတ်ချကြတယ်။ သူများခန္ဓာကိုယ်ပေါ်ကပစ္စည်းကိုကျတော့ ကိုယ်ပိုင်သလိုလုပ်ပြီး ဝင်ရောက်စွက်ဖက်နေတာ၊ ဟိုလူ့ကိုရောင်း၊ ဒီလူ့ကိုရောင်း၊ ဟိုလူနဲ့မသင့်တော်ဘူး၊ ဒီလူနဲ့သင့်တော်တယ်ဆိုပြီးဘာကိစ္စကြားထဲဝင်ပြီး ပွဲစားဝင်လုပ်နေရတာလဲ။ အဲဒီလိုလုပ်နေတာတွေကျတော့ကော ခုနသူခိုးထက်ပိုပြီးမြင့်မြတ်နေလို့လား။ နဖူးမှာ ရှူးပေါက်နေလို့လား။ လူတွေက သူတို့လုပ်နေတဲ့ကိစ္စတွေကို သူတို့ ဘယ်လိုဖုံးကွယ်ထားကြတယ်ဆိုတာ ရှင်းရှင်းလေးပဲ။ ဒါကိုပဲ ကိုယ့်ကိုယ်ကိုသူတော်စင်လို့ထင်နေကြတာ။ ဒါတောင်အမျိုးကောင်းသမီးဆိုတာလေးတွေက ကိုယ့်ပစ္စည်းကိုယ်ရောင်းစားတာတောင် သူများကိုတာဝန်ခွဲယူစေချင်တဲ့သူတွေအများကြီး။ ကိုယ့်ပစ္စည်းတောင်ကိုယ်ပိုင်တယ်မထင်ကြဘူး။

ခုနလည်း'ကျမ'ပြောခဲ့တယ်မှတ်လား။ အိမ်ထောင်ပြုပါတယ်ဆိုတဲ့ မိန်းမကောင်းတွေကလည်း ကိုယ့်ကိုယ်ကိုရောင်းစားနေကြတာပဲ။ ပြည့်တန်ဆာလုပ်တဲ့မိန်းကလေးတွေလည်း ကိုယ့်ကိုယ်ကို ရောင်းစားနေကြတာပဲ။ ဘာများပိုထူးကြလို့လဲ။ အိမ်ထောင်ပြုတဲ့သူက တစ်ယောက်တည်းနဲ့ပဲ တစ်သက်လုံးဆက်ဆံရမယ်လို့ ချုပ်နှောင်လိုက်တာပဲ။ တစ်ယောက်တည်းအတွက် ရောင်းစားလိုက်တာပဲ။ ပြည့်တန်ဆာကတော့ တစ်ယောက်တည်းအတွက် မရောင်းဘူး။ အများနဲ့ဆက်ဆံဖို့အတွက်ရောင်းခဲ့တာ ဒါပဲကွာတယ်။ ဒါများဘာလို့ အိမ်ထောင်ပြုတဲ့သူကိုမှ မိန်းမကောင်းလို့နာမည်တပ်ချင်ရတာလဲ။ မိန်းမကောင်းဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ဆက်ဆံတာနဲ့ အများနဲ့ဆက်ဆံတာ၊ အဲဒီအပေါ်ကြည့်ပြီးခွဲခြားထားကြတာ လား။

'ကျမ'အထင်တော့ အဲဒီလိုခွဲခြားပေးတာ ယောကျ်ားတွေပဲ။ ဒါဟာ မိန်းမတစ်ယောက်ကိုချုပ်လိုက်တာနဲ့ အတူတူပဲမဟုတ်လား။ 'ကျမ'ဖတ်ဖူးတဲ့အထဲမှာပါတယ်။ မိန်းမကောင်းဆိုတာ မယားဝတ်တရားငါးပါးကျေပွန်ရုံလောက်ကိုပြောတာမဟုတ်ဘူးတဲ့။ မိမိလင်ယောကျ်ားကလွဲပြီး တခြားယောကျ်ားတွေအပေါ်ကို စိတ်တောင်မယိမ်းယိုင်တာတဲ့။ ဘယ်လောက်တောင်တရားလိုက်တဲ့ ပညာရှိယောကျ်ားတွေလဲ။ ယောကျ်ားတွေအတွက်ကျတော့ ကိုယ့်မိန်းမကလွဲပြီး တခြားမိန်းမတွေအပေါ်မှာ စိတ်ယိုင်တာကို ကျင့်ဝတ်တွေအနေနဲ့ဘာကြောင့် မပြဋ္ဌာန်းကြတာလဲ။ ပြဋ္ဌာန်းခဲ့ရင်လည်း နှစ်ခုစလုံးက အစိပ္ပါယ်မရှိတဲ့ဟာတွေပဲ။ ကျောက်ခဲကို ရေညှိစ်သလို မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်ပြီး ကိုယ့်ဘာသာကိုယ်သာယာနေကြတာပဲ။

ထားပါတော့။ ဒါတွေဟာ သူတို့ကျတော့ မိန်းမတွေနဲ့ဆက်ဆံချင်ပြီး ကိုယ့်မိန်းမကိုကျတော့ ကိုယ်တစ်ယောက်တည်းနဲ့ပဲဆက်ဆံစေချင်တဲ့ ယောကျ်ားအတ္တပဲမဟုတ်လား။ မိန်းမတွေကို ချုပ်နှောင်လိုက်ကြတာ။ ဒါမှမဟုတ်ရင် ဖောက်ပြန်တဲ့သူဖြစ်ရောမဟုတ်လား။

မိန်းမကောင်းလို့သတ်မှတ်တာကော ဘယ်သူတွေလဲ။ ဖောက်ပြန်တဲ့သူလို့သတ်မှတ်တာကော ဘယ်သူတွေလဲ။ ယောကျ်ားပညာရှိတွေကပဲ ယောကျ်ားတွေအကြိုက်လိုက်သတ်မှတ်ပေးလိုက်ကြတာ မဟုတ်လား။ ဘုရင်တွေခေတ်ကတည်းကပဲမဟုတ်လား။ သူကျတော့ မိန်းမအများကြီးယူပေမယ့် မိဖုရားကိုတော့ တခြားသူမျက်စပစ်တာတွေ့တာနဲ့ သတ်ပစ်ကော မှတ်လား။ အမတ်တွေကျတော့ဘာလုပ်ပေးရလဲ။ ဘုရင်တွေအကြိုက် မိန်းမကောင်းကျင့်ဝတ်တွေပြဋ္ဌာန်းပေးတဲ့အလုပ်ကိုလုပ်ရတယ်မဟုတ်လား။ ဒါတွေကိုဘာလို့ ဒီအထိဆွဲခေါ်လာလဲဆိုတာ စဉ်းစားလို့ကိုမရဘူး။

ဒါဟာယောကျ်ားတွေရဲ့ မနာလိုစိတ်လို့လည်း ကျမထင်သေးတယ်။ သူတို့ရဲ့ အပြစ်တွေကိုဖုံးဖိဖို့လုပ်ခဲ့တာ။ ဘယ်ယောကျ်ားမဆို ကမ္ဘာပေါ်မှာရှိတဲ့ ချောတဲ့လှတဲ့ ဘယ်မိန်းမနဲ့မဆိုဆက်ဆံချင်ကြတာပဲမဟုတ်လား။ အကုန်လုံးရမယ်ဆိုရင် အကုန်လုံးနဲ့ဆက်ဆံချင်ကြတာပဲ။ ကိုယ့်ဆန္ဒကိုအမှန်အတိုင်းမြင်ကြမယ်ဆိုရင်ပေါ့။ ဒါပေမယ့် ဆက်ဆံလို့မရတဲ့အခါမှာ ဘာဖြစ်လာလဲ။ မိန်းမဟာ လူအများကြီးနဲ့တစ်ခါတည်းဆက်ဆံနိုင်ပေမယ့် ယောကျ်ားတွေကတော့ထင်သလောက်မလွယ်ဘူး။ အဲဒီအခါဘာဖြစ်လာလဲ မနာလိုလာတာပဲ။ မြေခွေးက

www.burmeseclassic.com

www.burmeseclassic.com



ချေစ်သီးကို ခုန်ချတာမမီတော့ရှဉ်တယ်ပြောတာပဲ။ ချဉ်တယ်လို့ သတ်မှတ်လိုက်ကြတာပဲ။ 'ကျမ'ပြောပြဦးမယ်။ ယောကျ်ားတွေရဲ့ အကြောင်းပြချက်ယုတ္တိတွေက ဘယ်လောက်ကောင်းလဲဆိုတာ။ ယောကျ်ားတွေက မိန်းမအများကြီးယူပေမယ့် ကလေးမွေးလာတဲ့အခါကျရင် ဘယ်သူ့ကလေးဆိုတာပြောလို့ရတယ်တဲ့။ မိန်းမကယောကျ်ားအများကြီးယူထားပြီး တကယ်လို့ ကလေးမွေးလာရင် ဘယ်သူ့ကလေးဆိုတာ မှော်နိုင်လားဆိုပြီး အနိုင်ကျင့်ထားကြတယ်။ ဒါကတော့ အရင်တုန်းကပါ။ အခုလိုဆေးသိပ္ပံခေတ်ကြီးမှာ ဘယ်သူ့ကလေးဆိုတာပြောဖို့ အလွယ်လေးဖြစ်သွားပြီလေ။ ဒါပေမယ့် မသိချင်ယောင်ဆောင်နေကြတုန်းပဲ။

အခုဟာက မိန်းမတွေကိုပစ္စည်းတစ်ခု၊ ရောင်းဝယ်ဖောက်ကားတဲ့ ကုန်ပစ္စည်းတစ်ခုအဖြစ် အဆင့်နှိမ့်ထားကြတာ။ ဘယ်ယောကျ်ားက မိန်းမတစ်ယောက်ရဲ့ဆန္ဒကို အပြည့်အဝနားလည်ပြီး လိုက်လျောပေးတာရှိလို့လဲ။ ရှင်တွေ့ဖူးလို့လား။ အခုခေတ်က နည်းနည်းတော်တယ်ပဲပြောရမလား။ ဒါပေမယ့် ရှင်ဘုရင်ခေတ်မှာ မိန်းမဆိုတာကို ဘယ်လောက်တောင်တန်ဖိုးဖြတ်ထားကြသလဲ။ ဘယ်လောက်တောင် စော်ကားထားကြသလဲ။

ဒီခေတ်ကကော–မဆိုစလောက်ကလေးပဲ ကွာတယ်ထင်တာပဲ။ ဘာများသိပ်ထူးထူးခြားခြားကွာခြားသွားလို့လဲ။ မိန်းမခန္ဓာကိုယ်၊ မိန်းမစိတ်ခံစားချက်၊ မိန်းမစိတ်ဆန္ဒနဲ့ မဟုတ်တဲ့ ယောကျ်ားတစ်ယောက်က မိန်းမတွေမှာ ဘယ်ဟာကမိန်းမကောင်း၊ ဘယ်ဟာကမိန်းမပျက်ဆိုပြီး ဝေဖန်ပိုင်းခြားပြနေတာ သိပ်ရယ်စရာမကောင်းဘူးလား။ သိပ်ရယ်ရတာပဲ။

ဒါကိုပဲ ဦးနှောက်မရှိတဲ့ မိန်းမတွေက ကိုယ့်ကိုယ်ကိုမိန်းမကောင်းဆိုပြီး အမည်ခံချင်တဲ့အခါ ဘာလုပ်ကြလဲ။ ကိုယ့်ကိုယ်ကိုအရင်လိမ်ကြရတာပဲ။ ကိုယ့်ရဲ့ဆန္ဒတွေကို ပေါက်ကွဲလုမတတ်ထိန်းချုပ်ရတာပဲ။ တခြားယောကျ်ားတစ်ယောက်ရဲ့ပုံရိပ်စိတ်ကူးထဲပေါ်လာရင်တောင် ချက်ချင်းပဲ ငရဲအိုးထဲဖောက်ထိုးကျတော့မယ့်အတိုင်း ထင်နေကြတယ်။ ဒါနဲ့ပဲ အတင်းထိန်းချုပ်ဖို့အတွက် ကပ္ပာကသီဘုရားကိုထအာရုံပြု၊ ကိုယ့်ကိုယ်ကိုမသန့်စင်ဘူးထင်ပြီး တရားစခန်းလေးဘာလေးသွား တရားလေးဘာလေးနာ၊ တရားလေးဘာလေးထိုင်ပေါ့။ သိပ်ကို စီးပွားရေးဆန်ပြီး သိပ်ကို အရောင်းအဝယ်လုပ်ကြတာပဲ။

**OH MY GOD** ဆိုတဲ့ ကုလားကားရှင်ကြည့်ဖူးလား။ 'ကျမ'တော့ သိပ်သဘောကျတာပဲ။ အဲဒီကားထဲကယောကျ်ားက မကောင်းမှုလုပ်တယ်ဆိုပြီးသူ့မိန်းမက အဲဒီမကောင်းမှုတွေပြေပျောက်ဖို့အတွက် သူတို့ဘုရားမှာ အမွှေးတိုင်ထွန်း၊ ဆီမီးထွန်းပြီး ပူဇော်ပေ

www.burmeseclassic.com



တယ်။ အဲဒီအခါသူ့ယောကျာ်းကဘာပြောလဲသိလား။ ဖုန်းသုံးလိုက်တာ အားကုန်သွားလို့ ဖုန်းအားပြန်သွင်းပေးနေတာတဲ့။ ဖုန်းကသုံးလိုက်လို့အားကုန်သွားတဲ့အခါ ပလပ်ကလေးတပ်လိုက်ရုံနဲ့ အားပြန်ပြည့်လာတယ်လေ။ ဒီလိုပဲ မကောင်းမှုဖြစ်လာတဲ့အခါ ဘုရားကိုပလပ်ကလေးတပ်ပြီးပူဇော်လိုက်။ အဲဒီအခါ ကောင်းမှုတွေနဲ့ပြန်ပြည့်လာလိမ့်မယ်ဆိုတဲ့သဘောပဲ။ သိပ်လွယ်တာပဲနော်။ ဘုရားမှာအပေးအယူနဲ့ အရောင်းအဝယ်လုပ်နေကြတယ်။ အမလေး . လေး 'ကျမ'ကလည်း လိုက်ရှင်းပြနေသေးတယ်။ 'ကျမ'ရှင်းပြစရာမလိုပါဘူး။ ရှင်နားလည်မှာပါ။ ဟုတ်တယ်မှတ်လား။ သူ့ဥပမာက သိပ်ကောင်းတယ်နော်။

'ကျမ'တို့လည်း ကောင်းမှုနဲ့ မကောင်းမှု၊ ကုသိုလ်နဲ့ အကုသိုလ်ကို တရားစခန်းမှာသွားပြီး အရောင်းအဝယ်လုပ်နေကြတာလေ။ ကုသိုလ်များများဝယ်နိုင်တဲ့အခါ နတ်ပြည်ရောက်ကြမယ်မှတ်လား။ ဒီလူ့စည်းစိမ်ဆိုတာထက် နတ်စည်းစိမ်ကိုခံစားကြမယ်မဟုတ်လား။ ဘယ်သူမှ လူတောင်မဖြစ်ချင်ကြဘူး။ ဟော . . . 'ကျမ'ပြောနေတာတောင်ဘယ်ရောက်သွားပလဲ။ 'ကျမ'လည်းရှင်နဲ့ကျမ တော်တော်ကိုလျှာရှည်နေပါလား။ ဘယ်ကဘယ်လို ဘာသာရေးအကြောင်းတွေရောက်သွားမှန်းကို မသိတော့ဘူး။

ဘာသာရေးအကြောင်း'ကျမ'မပြောချင်ဘူး။ 'ကျမ'ကိုယ်'ကျမ'လည်း သေချာနားမလည်သေးဘူးလို့ထင်နေတုန်းပဲ။ ဒါပေမယ့် ဘာသာရေးနဲ့ပတ်သက်တာတစ်ခုတော့ 'ကျမ' သိတယ်။ ဘာလဲဆိုတော့ ဘာသာတရားတိုင်းက တစ်ယောက်နဲ့တစ်ယောက်ချစ်ခင်ဖို့၊ လေးစားဖို့၊ ရန်ငြိုးမဖွဲ့ဖို့၊ သည်းခံဖို့ ဘယ်လိုဟောထား-ဟောထား အခုလုပ်နေကြတဲ့ အကြမ်းဖက်မှုတွေအားလုံးဟာ ဘာသာဝင်တွေချည်းပဲ။ အားပေးအားမြှောက်ပြုတဲ့သူကော၊ ကိုယ်တိုင်ပါဝင်တဲ့သူကော၊ ဘေးကထိုင်ကြည့်တဲ့သူကော၊ ဝင်တားတဲ့သူကော အကုန်ဘာသာဝင်တွေချည်းမဟုတ်လား။ ဘာသာဝင်ဖြစ်နေတဲ့အတွက် သူတို့ရဲ့ဘာသာကပိုသာတဲ့ကြောင်းငြင်းခုန်ဖို့အကြောင်းအရာရှိနေတာလေ။ ဒါကြောင့်မို့ တစ်ခါတစ်လေကျရင် 'ကျမ'တွေးမိတယ်။ မှားချင်လည်း မှားမယ်။ မှန်ချင်လည်း မှန်မယ်။ 'ကျမ'အထင်ကိုပြောတာ။ ဘာသာဝင်ခြင်းကပဲ အကြမ်းဖက်မှုရဲ့ဇစ်မြစ်တစ်ခုဖြစ်နေမလားပဲ။

ထားပါလေ။ 'ကျမ' မပြောချင်ပါဘူး။ မပြောချင်ဘူးဆိုတာတောင် ပြောတာတော်တော်များသွားပြီထင်တယ်။ ဘာလို့လဲဆိုတော့ တခြားအကြောင်းပြောရတာထက် ဘာသာရေးအကြောင်းပြောရတာ ပိုအန္တရာယ်ရှိတယ်။ 'ကျမ'အနေနဲ့ရောဂါနဲ့မသေဘဲ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းတောင်အရှင်လတ်လတ်မီးရှို့ခံရနိုင်တယ်လေ။ ရှင်ကော ဘယ်ဘာသာဝင်လဲ။ အမလေး . . . လေး အခုမှသတိထားမိတယ်ကြည့်စမ်း။ ရှင်သာဘာသာဝင်တစ်ခုခုဆိုရင် 'ကျမ' တော့ မလွယ်တော့ပါလား။ အမလေး . အမလေး လူတွေက ကိုယ့်ကိုပါးရိုက်တာသာ ခံရင်ခံမယ်။ ကိုယ့်ဘာသာဆိုတာကို ထိပါးစော်ကားလာရင်တော့ တုတ်တပြက်၊ ဓားတပြက်လုပ်ချင်ကြတာမဟုတ်လား။ အမလေး မြူးစိစိကြီးလုပ်မနေပါနဲ့။ တော်ပြီတော်ပြီ ဘာသာရေးအကြောင်းမပြောတော့ဘူး။ လျှာကျွံတော့နှုတ်လို့မရဆိုတာ တယ်မှန်ပါလား။ ပြောပြီးနေပြီလေ။ ထားလိုက်တော့နော်။ မေ့လိုက်တော့။ 'ကျမ' မပြောဘူးလို့ပဲထားလိုက်တော့။ 'ကျမ'ရောဂါပဲ ခံစားပြီးသေချင်တယ်။ ရင်ထဲကိုမောသွားတာပဲ။ 'ကျမ'ကို ရေလေးတော့ တိုက်ပါဦး။ ဟူး . . . ရင်ထဲမှာ ထိတ်သွားတာပဲ။

ဒါပေမယ့် သိပ်တော့ပူစရာမရှိပါဘူး။ ရှင်က တုံဏှိဘာဝေသမားပဲ။ သူများဘာပြောပြောပြန်ပြောမယ့် လူစားမျိုးမှမဟုတ်တာ ဟုတ်တယ်မှတ်လား။ အမလေး ပြုံးပြန်ပြီ။ ပြုံးပြန်ပြီ။ ရှင့်ကိုသေချာပြောထားရဦးမယ်။ 'ကျမ'ကိုသိပ်ပြီးပြုံးပြုံးမပြနဲ့။ 'ကျမ' မခံနိုင်ဘူး။ ရှင့်အပြုံးက 'ကျမ'နှလုံးသားကို ဆွဲကိုင်လှုပ်နေတယ်။ 'ကျမ'ရင်ကိုခုန်စေတယ်။ ရှင်သိပ်မပြုံးနဲ့နော် 'ကျမ'ကိုယ်'ကျမ' မထိန်းနိုင်ရင် မတတ်နိုင်ဘူးဖြစ်သွားမယ်နော်။

နောက်ပြောရဦးမယ် လူတွေက ယောကျ်ားလေး၊ မိန်းကလေးတွေပဲဆိုပါတော့ ဒါကို အချစ်လို့ ထင်နေကြတယ်နော်။ တစ်ယောက်ကို တစ်ယောက်သိပ်ချစ်တယ်လို့ ထင်နေကြတယ်။ ရင်ခုန်တာအချစ်လို့တောင် တင်စားလိုက်သေးတယ်။ ကိုယ့်ရင်ကိုယ် ဘာခုန်လို့ခုန်နေမှန်းမသိကြဘူး။ အိမ်ထောင်ပြုပြီးကြတဲ့သူတိုင်းကိုမေးကြည့်။ မေးကြည့်စရာမလိုပါဘူး။ အိမ်ထောင်ပြုပြီးသွားတဲ့သူ အတော်များများလည်း လူပျို၊ အပျိုတွေကို ဩဝါဒပေးကြတာပဲ။ အိမ်ထောင်စောစောမပြုဖို့၊ လွတ်လွတ်လပ်လပ်နေဖို့။ ဒါကိုတောင်သူတို့က သူတို့ပြုပြီးတိုင်း လျှောက်ပြောတယ်လို့ထင်နေကြတာ။ ဒါပေမယ့် သူတို့တွေကိုယ်တိုင် အိမ်ထောင်ပြုပြီးသွားတဲ့အခါကျမှ ဒါကိုနားလည်သွားကြတာ။

'ကျမ'အနေနဲ့တော့ ဒါကိုအဓိပ္ပါယ်မရှိဘူးလို့ထင်တာပဲ။ အချစ်ဆိုတာကိုပြောတာပါ။ လိင်ဆက်ဆံချင်တာ၊ တစ်ယောက်နဲ့တစ်ယောက်နီးကပ်ချင်တာ၊ စူးစမ်းချင်တာ ဒါကိုပဲ အချစ်လို့ ကျမထင်တယ်။ ဒါ'ကျမ'ရဲ့ ကိုယ်ပိုင်အချစ် အဓိပ္ပါယ်ဖွင့်ဆိုချက်ပဲ။ ဒီအချစ်ကလည်း သဘာဝအလျောက်ပဲ။ သဘာဝဆိုတာလည်း ဖြစ်ပေါ်ပြီးရင်ပျောက်ကွယ်သွားတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောရှိတယ်မဟုတ်လား။ ဒီနေ့နဲ့မနက်ဖြန်ဟာ အတူတူပဲဆိုရင် လူတွေရဲ့ရှင်သန်မှုဆိုတာ လည်းဘယ်ရှိတော့မလဲ။ ဘယ်ကြီးလာတော့မလဲ။ ဘယ်ရင့်ကျက်လာနိုင်တော့မလဲ။ ဒီနေ့နဲ့ မနက်ဖြန်ဟာမတူညီတဲ့အတွက် ဒီနေ့ချစ်နေပေမယ့် မနက်ဖြန်ချစ်ချင်မှချစ်မယ်လေ။ ဘာကိစ္စ တစ်သက်လုံးချစ်ရမလဲ။ တစ်သက်လုံးချစ်နေမယ်ဆိုတာ မပြောင်းလဲတဲ့သဘောပဲ။ မပြောင်း လဲတဲ့သဘောဟာ မရှင်သန်တဲ့သဘောပဲမဟုတ်လား။ မရှင်သန်တဲ့သူဟာ သေနေတာမဟုတ် ဘူးလား။ ဒါဆိုသေဆုံးနေတဲ့အချစ်ကြီးဖြစ်နေမှာပေါ့။ ဒီနေ့နဲ့မနက်ဖြန်မှာ တူညီတဲ့ကိစ္စ ဘာရှိလဲ။ ဒီနေ့နဲ့မနက်ဖြန်ဆိုကတည်းကိုက ဘာမှတူညီစရာအကြောင်းကိုမရှိဘူး။ ဒါကို ဘာလို့အတူတူပဲလို့ ကိုယ့်ကိုယ်ကိုလိမ်နေကြရတာလဲ။ တကယ့်ကိုအဓိပ္ပါယ်မဲ့တယ်လို့ 'ကျမ'ထင်တယ်။

'ကျမ'သာ ပညာရှင်ဆိုရင် 'ကျမ'ပြောချင်တဲ့ အချစ်ကို ဒီထက်ပိုပြီး အဓိပ္ပါယ်ဖွင့် နိုင်မှာပဲ။ အခုပြောနေကြတဲ့အချစ်ဆိုတာ စူးစမ်းချင်တာ၊ ရင်းနှီးချင်တာထက် ဘာမှမပိုဘူး။ စူးစမ်းစရာ၊ ရင်းနှီးစရာကုန်သွားရင် အချစ်ဆိုတာလည်း ခန်းခြောက်သွားရတာပဲ။ ဒီအတွက် အချစ်သစ်ရှာလို့ မရတော့ဘူးလား။ ကိုယ့်ကိုယ်ကို မလိမ်မညာစတမ်းပြန်ကြည့်ကြည့်ကြ ပါဦး။ တကယ်ပဲ တစ်သက်လုံး စိတ်မယိမ်းမယိုင်ဘဲ နေသွားကြသလား။ အဲသလောက် တောင် တည်ငြိမ်ကြသလား။ ထင်သလောက်မလွယ်ဘူးဆိုတာ ရှင်သိပါတယ်။ ဒါကြောင့် 'ကျမ'ကို ကတိပေးခဲ့၊ သစ္စာဆိုခဲ့တဲ့ သူတွေရဲ့စကားဟာ 'ကျမ'အတွက် ဟာသပျက်လုံးတွေပဲ။

'ကျမ'အထင်တစ်ယောက်နဲ့တစ်ယောက်လိင်ဆက်ဆံပြီးသွားတဲ့အခါ၊ ဘဝကို အမှီ အခိုကင်းကင်းနဲ့ အပြည့်အဝရပ်တည်လာနိုင်တဲ့အခါကျမှ ချစ်တယ်၊ မချစ်ဘူးဆိုတဲ့စကား ပြောဖို့ကို စဉ်းစားသင့်တယ်လို့ 'ကျမ'ထင်တယ်။ ဟုတ်တယ်မှတ်လား။ ရှင်ကောဘယ်လို ထင်လဲ။

အခုကတော့ ယောကျ်ားလေး၊ မိန်းကလေးတွေအတွက် အတော်လွတ်လပ်လာကြပြီ။ သူတို့ကိုယ်တိုင် သူတို့ရဲ့စိတ်တွေ အနှောင်အဖွဲ့ကင်းဖို့ပဲလိုတော့တယ်။ ဒါပေမယ့်ဘာပဲပြော ပြော 'ကျမ'ဝမ်းသာတယ်။ တစ်ယောက်နဲ့တစ်ယောက်စူးစမ်းသင့်တယ်။ မစူးစမ်းဘဲ လူ့အဖွဲ့ အစည်းရဲ့ တရားဝင်လိင်ဆက်ဆံခွင့်လက်မှတ်ကို ယူလိုက်မယ်ဆိုရင် အများကြီးမှားကြလိမ့် မယ်လို့ 'ကျမ'ယူဆတယ်။ ဒီအတွက် 'ကျမ'ကလူငယ်တွေကို အားပေးအားမြှောက်ပြုဖို့ မကောင်းတဲ့မိန်းမအဖြစ်မြင်ကြဦးမလား။ 'ကျမ'က နာမည်ပျက်ပြီးသားပဲ။ဒီအတွက်သိပ်ထူး

www.burmeseclassic.com

www.burmeseclassic.com



မှာမို့လဲ။ ဒါကြောင့်မို့လဲ 'ကျမ'ကသူများထက်ကိုယ်မှန်တယ်ထင်တဲ့ကိစ္စကို ပိုပြီးပြောရဲတယ်။ 'ကျမ'အတွက်ဒီထက်ပိုပြီးနာမည်ပျက်စရာမရှိတော့ဘူး။ 'ကျမ'ကိုယ်'ကျမ'ဘာမှငဲ့ညှာစရာမရှိတော့ဘူးလေ။ ဘာဂုဏ်သိက္ခာမှလည်း 'ကျမ'မှာကျစရာမရှိဘူး။ ဒါပေမယ့် ကိုယ့်ဆန္ဒကိုကိုယ်အမှန်ကိုမြင်တာဟာ 'ကျမ'အတွက် ဂုဏ်သိက္ခာပဲ။ ကိုယ့်ဆန္ဒကိုယ်လိမ်ညာဖုံးကွယ်နေတာ 'ကျမ'ရဲ့ဂုဏ်သိက္ခာမဟုတ်ဘူး။ ကိုယ့်ဆန္ဒကိုကိုယ်သိတာ 'ကျမ'ကိုယ်'ကျမ'စောင့်ထိန်းမှုပဲ။ ရှင်နားရှုပ်သွားပလား။

အိမ်ထောင်ပြုတာနဲ့ပတ်သက်ပြီး 'ကျမ'အမြင်တစ်ခုရှိသေးတယ်။ အိမ်ထောင်ပြုတဲ့ယောကျ်ားနဲ့မိန်းမဟာ ထိန်းချုပ်မှုတွေ၊ စောင့်ထိန်းမှုတွေနဲ့ တစ်ယောက်ကိုတစ်ယောက်ဈာဖြည်းဖြည်းတအိအိညှဉ်းဆဲသတ်ဖြတ်နေကြတယ် လို့ 'ကျမ'ထင်တယ်။ ဘာလို့လဲဆိုတော့လူတွေဟာဖြူကောင်တွေနဲ့တူတယ်။

ဖြူကောင်တွေရဲ့ခန္ဓာကိုယ်မှာ ဆူးတွေရှိတယ်။ လူတွေမှာလည်းကိုယ့်ရဲ့ပင်ကိုဗီဇ၊ အကျင့်စရိုက်၊ အလေ့အကျင့်၊ ကိုယ့်ကိုပတ်ဝန်းကျင်ကသင်ကြားပေးထား၊ အတွေ့အကြုံပေးထားတဲ့အသိပညာအတွေ့အကြုံ၊ ကိုယ့်ရဲ့မာန၊ ကိုယ့်ရဲ့ကြိုက်နှစ်သက်မှု၊ ကိုယ့်မိဘအသိုင်းအဝိုင်းရဲ့အကျင့်စရိုက် စတာစတာတွေအများကြီးပဲ။ ပြောလို့တောင်မကုန်နိုင်ဘူး။ တွေးကြည့်လို့တောင်မရနိုင်တဲ့ဆူးတွေအများကြီးထွက်နေတယ်။ ဒါတွေဟာ တစ်ယောက်နဲ့တစ်ယောက်ဘယ်လိုမှမတူညီနိုင်သလို လူတိုင်းလူတိုင်းမှာလည်းပေါက်ရောက်နေကြတာပဲ။

ဖြူကောင်တွေကချမ်းအေးလာတဲ့အခါမှာ နွေးထွေးဖို့အတွက် တစ်ကောင်နဲ့တစ်ကောင်ပူးကပ်ကြတယ်။ အဲဒီအခါ တစ်ကောင်ဆူးတစ်ကောင်ထိုးမိပြီးခွာလိုက်ကြပြန်တယ်။ နောက်အေးတာမခံနိုင်တော့ ပြန်ပူးကပ်ကြပြန်တယ်။ အဲဒီအခါထိုးမိကြပြန်တယ်။ ပြန်ခွာလိုက်ကြပြန်တယ်။ ဒါနဲ့ပူးလိုက်ခွာလိုက်ဖြစ်နေတာ။

လူတွေကလည်း အထီးကျန်လာတဲ့အခါတစ်ယောက်နဲ့တစ်ယောက် ပူးကပ်ဖို့ကြိုးစားကြတာ။ နွေးထွေးဖို့အတွက်ပေါ့။ နွေးထွေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တစ်ယောက်ဆူးနဲ့တစ်ယောက်သာထိုးနေကြတာ။ အနည်းငယ်တော့ နွေးရင်နွေးသွားမပေါ့။ ဖြစ်ချင်တော့ပြန်ခွာလို့လဲမရတော့ဘူး။ ဘာလို့လဲဆိုတော့ သူတို့ကိုတရားဝင်လိုင်ဆက်ဆံခွင့်လက်မှတ်ထိုးပြီးကျန်တဲ့သူတွေကမျက်လုံးဒေါက်ထောက်ကြည့်နေကြတယ်လေ။ ပြန်ခွာရင် ဖောက်ပြန်သူတွေဖြစ်တော့မှာ။ အဲဒီတော့ ပြန်လည်းမခွာရဲ ဆူးကစူး၊ ဒီတော့တစ်ဖက်ကပြန်သေအောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကသူ့ရဲ့ဆူးတွေနဲ့တဖြည်းဖြည်း တအိအိညှဉ်းပြီးထိုးသတ်နေကြတော့တာပဲ။ ဒါကြောင့်မို့ကျမပြောတာ အိမ်ထောင်ပြုတာပထမပိုင်းတော့ နွေးထွေးဖို့အတွက်ပဲ။ ကိုယ့်ရဲ့အထီးကျန်မှုကိုဖြေဖျောက်ဖို့အတွက်ပဲ။ ဒါပေမယ့်ကြာလာတာနဲ့အမျှ တစ်ယောက်ကိုတစ်ယောက် ညှဉ်းဆဲပြီးသေတဲ့အထိ သတ်ကြတော့တာပဲ။

ဒါကြောင့်မို့ဦးလေးအိမ်ထောင်ပြုပေးတုန်းက 'ကျမ'အပြင်းအထန်ငြင်းဆန်ခဲ့တာ။ ဒါပေမယ့်အဲဒီတုန်းက ဒီလိုမျိုးသဘောတရားတွေကို အဲလောက်ထိနားမလည်သေးပေမယ့် အတော်လေးကိုတီးခေါက်မိနေပြီ။ ဒါ့အပြင် လက်ထပ်တာတို့၊ အချစ်တို့ဆိုတာကို 'ကျမ'အနေနဲ့လုံးဝအယုံအကြည်မရှိတော့ဘူး။ ဒါကြောင့် 'ကျမ'အပြင်းအထန် ငြင်းဆန်ပြီး အိမ်ပေါ်က ဆင်းခဲ့တယ်။ ပေါ်တင်တော့ဘယ်ဟုတ်မလဲ။ မထင်မှတ်တဲ့အချိန်မှာပဲ 'ကျမ' မြို့ပေါ်ကိုပြန်တက်ခဲ့တယ်။ 'ကျမ'မှာဆွေမျိုးသားချင်းမှမရှိတော့ဘဲ။ အရင်းနှီးဆုံးသူငယ်ချင်းဆိုတာက လည်း ကျောင်းမှာ'ကျမ'ကို ဘယ်သူမှရင်းရင်းနှီးနှီးမှမပေါင်းချင်တာ။ 'ကျမ'ကျောင်းလည်း ဆက်မတက်ဖြစ်တော့ဘူး။

'ကျမ'ထွက်ချင်လွန်းလို့ ထွက်လိုက်တာမျိုးတော့မဟုတ်ဘူး။ ကျောင်းဆက်တက်ဖို့ကို အခြေအနေမပေးတော့လို့ပဲ။ ဒါပေမယ့် ဆက်တက်နိုင်ဖို့ကြိုးစားခဲ့ပါသေးတယ်။ အလုပ်လုပ်ရင်းပေါ့။ ဖြစ်နိုင်သလားရှင်စဉ်းစားကြည့်ပေါ့။ ဘီယာဆိုင်မှာစားရေးမအလုပ်ရဖို့တောင်ဘွဲ့ရမှလေ။ ကျမလိုဘွဲ့မရသေးသူတစ်ယောက်အတွက် အလုပ်က ဒီထက်နိမ့်သွားပြီမှတ်လား။ နောက်တစ်ခုကလည်းရတဲ့လခနဲ့ နေလည်းနေ၊ စားလည်းစား၊ ကျောင်းလည်းတက်ဆိုတာဖြစ်နိုင်လို့လား။ စက်ရုံတစ်ရုံမှာ သာမန်ဝန်ထမ်းတစ်ယောက်အနေနဲ့ အဲဒီလောက်ကြီးအထိဖူလုံနိုင်လို့လား။ မိုးလင်းကမိုးချုပ်မနားတမ်းခိုင်းတယ်။ ကြွက်စုတ်တစ်ကောင်လိုနေစရာပေးပြီး မဝရေစာကို မသေရုံတမယ်စားခဲ့ကြရတာ။ ဒါပေမယ့် တခြားသူတွေ ထက်'ကျမ' ကနည်းနည်းသာပါတယ်။ ဒုတိယနှစ်ကျောင်းသူကိုး။

ရည်းစားနဲ့တောင်ကောင်းကောင်းချိန်းတွေ့ဖို့အချိန်မရဘူး။ မဖြစ်စလောက်လစာလေးက ပျက်ရက်ရှိရှင်ဖြတ်သေးတယ်။ 'ကျမ'ဖတ်ဖူးတဲ့အထဲမှာတော့ တခြားနိုင်ငံတွေမှာဆိုရင် စက်မှုတော်လှန်ရေးဆိုတာတွေဘာတွေတောင် ဖြစ်သေးတယ်လေ။ 'ကျမ'တို့နိုင်ငံက စက်မှုတော်လှန်ရေးပဲမဖြစ်သေးလို့လားတော့မသိဘူး။ ထားပါလေဘယ်သူမှလည်း တော်လှန်ရေးမဖြစ်ချင်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ်ရနေတဲ့မဝရေစာလေးတောင်ပျောက်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ပဲ။

ဟုတ်တယ်မှတ်လား။ ဆယ်တန်းအောင်ရုံအောင်ထားတဲ့သူမပြောနဲ့ ဘွဲ့ရတစ်ယောက်လစာတောင်ဘယ်လောက်ရလို့လဲ။ နယ်ကတက်လာပြီး ကိုယ့်ဘာသာကိုယ်နေ၊ ကိုယ့်ဘာသာကိုယ်စားနိုင်အောင်တောင် လုံလောက်လို့လား။ ဒါပေမယ့် မြို့ပေါ်ပြန်တက်တက်လာချင်း ကျမသာဒီအလုပ်တန်းလုပ်မိရင် ကျောင်းဆက္ကတက်ဖြစ်ချင်တက်ဖြစ်ဦးမှာ။ ဘာလို့လဲဆိုတော့ ဒီအလုပ်မှာက တစ်နေ့ကို-တစ်သောင်းခွဲဆိုလည်းဟုတ်တယ်၊ နှစ်သောင်းဆိုလည်းဟုတ်တယ်။ ဒီထက်ပိုရနိုင်တာပဲရှိတယ်လေ။ ဒီတော့ အသာလေးနှပ်ပြီးကျောင်းဆက်တက်လို့ရတယ်။

ဒါပေမယ့် စက်ရုံမှာပဲအချိန်အတော်ကုန်ခဲ့တော့ စာပြန်လုပ်ဖို့အတွက်အရမ်းဟသွားပြီ။ တော်တော်လေးလည်းဝေးသွားပြီ။ ဒါနဲ့ဆက်မတက်ဖြစ်တော့တာ။ ဒါကြောင့် ဒီလောကထဲ'ကျမ'ရောက်တော့ 'ကျမ'နဲ့နီးစပ်တဲ့သူတွေကို တိုက်တွန်းမိသေးတယ်။ 'ကျမ' အခုမှပြန်စဉ်းစားမိတယ်။ 'ကျမ'တော်တော်ရက်စက်နေမလား။ သူတို့ကိုချောက်ထဲတွန်းချနေသလိုဖြစ်နေမလား။ ဘာလို့လဲဆိုတော့ သူတို့အနေနဲ့တခြားလူတွေနဲ့ဆက်ဆံဖို့မဖြစ်နိုင်တော့ဘူးလေ။ လူတွေကလည်း သူတို့ကိုဝိုင်းကြဉ်ထားပြီးပြီလေ။ သူတို့တွေဒီအလုပ်လုပ်ရင်းကျောင်းတက်မယ်ဆို ဆရာ၊ ဆရာမတွေကလက်ခံနိုင်ပမလား။ ကျန်တဲ့ကျောင်းသူတွေနဲ့တစ်တန်းတည်းထားပြီးဆက်ဆံကြပမလား။ ကျောင်းသား၊ ကျောင်းသူတွေကရော သူတို့ကိုဘယ်လိုဆက်ဆံကြမလဲ။ တခြားကျောင်းသား၊ ကျောင်းသူတွေရဲ့ မိဘအသိုင်းအဝိုင်းတွေကကော သူတို့သားသမီးတွေ ဒီလိုလူမျိုးတွေနဲ့အပေါင်းအသင်းလုပ်ပြီး ကျောင်းအတူတူတက်နေကြတာကို ကြည့်နေနိုင်ကြပမလား။ 'ကျမ'တိုက်တွန်းတိုင်းသာသူတို့လေးတွေ ကျောင်းပြန်တက်ခဲ့မယ်ဆိုရင် 'ကျမ'သူတို့ကိုငရဲအိုးထဲခုန်ချခိုင်းသလိုဖြစ်ခဲ့မှာပဲ။ ဒါပေမယ့် သူတို့ကဒါကိုသိလို့ပဲလား၊ ဒီလောကထဲမှာပဲပျော်မွေ့လို့လားတော့မသိဘူး။ 'ကျမ'တိုက်တွန်းသမျှကိုစိတ်ကူးထဲတောင်မထည့်ခဲ့ကြဘူး။ ဒါပဲကောင်းပါတယ်။ နှင့်မို့ဆို 'ကျမ'ကအဆင်းမှာဘီးတပ်ပေးတဲ့သူဖြစ်မှာ။ အဲဒီတုန်းကတော့ 'ကျမ'ကစီနီယာလေ။ နောက်မှရောက်လာတဲ့သူငယ်တွေကို 'ကျမ'တိုက်တွန်းအားပေးတာပေါ့။ အားမလျှော့ဖို့ ဒီလိုတိုက်တွန်းမိတာလည်း သူတို့တွေကဒီအလုပ်ကို တစ်ခါတစ်လေကျရင်ညည်းညူနေကြလို့လေ။ 'ကျမ'စကားတွေများမထောင်လို့ စိတ်တောင်ဆိုးခဲ့သေးတယ်။

www.burmeseclassic.com



အခုယောကျ်ားတွေပြောတဲ့အခေါ်အဝေါ်လို ဘာတဲ့လိုင်းဝင်တယ်ဆိုတာလား။ အင်းပေါ့လိုင်းဝင်တာပေါ့။ 'ကျမ'စက်ရုံမှာလုပ်ရင်းကနေပဲ လိုင်းဝင်ခဲ့တယ်ပြောရမှာပဲ။ 'ကျမ' မှာကနဂိုကတည်းက ဇကေရှိပြီးသား။ ဒီဆက်ဆံတဲ့ကိစ္စတွေဟာ 'ကျမ'အတွက်အထူးအဆန်း မဟုတ်တော့ဘူး။ ပြီးတော့လည်းရှင်သိအတိုင်း စက်ရုံဆိုတာလိုင်းဝင်ဖို့အတွက် ဝင်ပေါက် တစ်ခုလေ။ ဒီကနေလိုင်းဝင်ခဲ့တဲ့သူတွေလည်းအများကြီး။ ဒီတော့'ကျမ'လည်း အလွယ်တကူပဲ လိုက်လျောခဲ့တယ်။

ဒါတောင်'ကျမ'ဒီအလုပ်ကို စစလုပ်ချင်းမှာခေါင်းဆိုတာတွေရဲ့ခေါင်းပုံဖြတ်တာကို တော်တော်လေးခံရသေးတယ်။ ကိုယ့်ခန္ဓာကိုယ်နဲ့ကိုယ်ရင်းနှီးစားတာတောင် ခေါင်းပုံဖြတ်ခံရ သေးတယ်။ ခေါင်းဆိုတာတွေရဲ့ ခေါင်းပုံဖြတ်ခံလိုက်ရ၊ လိုင်းကြေးဆိုတာတွေကလာလိုက်၊ ဒီကြားထဲအဲဒီလိုင်းကြေးကောက်တဲ့သူတွေက အလကားနှိုက်မြည်းချင်ကြသေးတာ။ တော် တော်လေးကို ရုန်းကန်ခဲ့ရသေးတယ်။

ဪ . . . 'ကျမ'ကိုယ်ဝန်ဖျက်ချခဲ့ရတာတွေပြောရဦးမယ်။ သုံးလေးကြိမ်ပဲ။ ဒါက လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အသေအချာအကျွမ်းမဝင်သေးလို့လေ။ ရည်းစားဘဝမှာချည်း ပါပဲ။ ကျောင်းတက်နေတုန်းကချည်းပဲနှစ်ကြိမ်။ ရည်းစားဆိုတာတွေကလည်း အဲဒီအချိန် ကျရင်ပြေးတာပဲ။ 'ကျမ'အတွက်အဲဒီအချိန်တွေကငရဲပဲ။ ဘာလို့လဲဆိုတော့ တစ်စုံတစ်ယောက် ကို'ကျမ'သတ်နေရသလို ခံစားခဲ့ရလို့ပဲ။ အဲဒီတစ်ယောက်က 'ကျမ'ကိုကျိန်ဆဲနေမလားဆိုပြီး မျက်ရည်တွေနဲ့အတော်ကြီးကိုတောင်းပန်ယူခဲ့ရသေးတယ်။ ဒါတွေက ဘယ်လိုကာကွယ်ရ မလဲဆိုတာကို 'ကျမ'နားမလည်ခဲ့လို့ပဲ။ ဘယ်သူမှလည်း သင်မပေးဘူး။ ဘယ်သူမှလည်း ပညာမပေးခဲ့ဘူး။ ဒီလိုကိစ္စတွေ၊ ပညာပေးထားတဲ့စာအုပ်စာတန်းတွေကို မိန်းကလေးတစ် ယောက်အနေနဲ့ ခိုးကြောင်ခိုးဝှက်ဝယ်ဖတ်ဖို့တောင် အဆင်မပြေဘူးမှတ်လား။

ဆေးဆိုင်သွားပြီးဆေးဝယ်ပြန်ရင်လည်း သူတို့ကြည့်ကြတဲ့အကြည့်တွေက မဟုတ် ဘူး။ 'ကျမ'တို့လိုမိန်းကလေးတွေအတွက် အများကြီးသိမ်ငယ်ခဲ့ကြရတယ်မဟုတ်လား။ 'ကျမ'အတွက် ဒီကလေးတွေကိုမလိုချင်ဘူးလို့ရှင်ထင်လား။ 'ကျမ' မလိုချင်ဘူးထင်လား။ ဘယ်သူနဲ့ပဲရရ'ကျမ'သားသမီးပါ။ မိခင်စိတ်ဆိုတာမျိုးက 'ကျမ'တို့မှာမွေးပြီးကတည်းက ပါပြီးသားပါ။ ငယ်ငယ်ကတည်းကဆော့တာတောင် အရုပ်ကလေးတွေကိုချော့သိပ်ပြီးထိန်း သိမ်းခဲ့ကြတာပါ။ 'ကျမ'အတွက်ဒီစိတ်ကို စွန့်ပစ်ရတာဘယ်လွယ်လိမ့်မလဲ။ ဒါပေယ့်

www.burmeseclassic.com

www.burmeseclassic.com



'ကျုမ'ရွေးချယ်ရမယ်လေ။ 'ကျုမ'လိုလူမျိုးတစ်ယောက်ရဲ့ကလေးကို ဒီလောကထဲမှာ ဘယ်လိုပုံစံမျိုးနဲ့အသက်ရှင်စေချင်မလဲ။ ငရဲထဲကိုဘာမှမသိနားမလည်သေးတဲ့ကလေးတစ်ယောက်ကို ဆွဲမထည့်ချင်ဘူး။ ဒါကြောင့် 'ကျုမ'ကလေးမယူဖို့ကိုဆုံးဖြတ်ခဲ့တာ။ 'ကျုမ'ရဲ့မိခင်စိတ်ကုန်ခန်းသွားခဲ့တာမဟုတ်ဘူး။ ဥပေက္ခာပြုခဲ့တာ။

ဟိုတလောက ကိုရီးယားကလာသွားတဲ့ကလေးတွေရှိတယ်မှတ်လား။ သူတို့တွေက ကျမ်းမာရေးနဲ့ပတ်သက်ပြီးလာလေ့လာကြတာလေ။ သူတို့ရှိမှ ၁၃နှစ်၊ ၁၄နှစ်ပေါ့။ ဒါပေမယ့် 'ကျုမ' အံ့ဩတယ်။ သူတို့ကလည်း အံ့ဩကြတယ်။ ဒီမှာဖြစ်တာတွေနဲ့ပတ်သက်ပြီးတော့လေ။ မဖြစ်သင့်တဲ့ကိစ္စတွေမှတ်လား။ 'ကျုမ'အံ့ဩတာက သူတို့ကျောင်းသား ကျောင်းသူအရွယ်လေးတွေ ဘာလို့ HIV နဲ့ပတ်သက်တာရော၊ လိင်ကိစ္စနဲ့ပတ်သက်တာတွေကိုရော သူတို့တတ်သိနေကြတာလဲ။ သူတို့အကုန်သိကျွမ်းနားလည်နေကြတယ်။ တကယ်ပဲအံ့ဩမိတယ်။ သူတို့အတွက် တကယ်ကောင်းတာပဲ။ သူတို့အနေနဲ့ 'ကျုမ'လိုရောဂါမျိုးမခံစားရတော့ဘူး။ ကိုယ်ဝန်ဖျက်ချရတဲ့ကိစ္စမျိုးတွေ သူတို့ဆီမှာမရှိတော့ဘူးပေါ့။

'ကျုမ'တို့ရောဂါဖြစ်တာလည်းမပြောနဲ့လေ။ ရောဂါစစ်ဖို့မပြောနဲ့ ဒီအလုပ်တောင်ခိုးကြောင်ခိုးဝှက် လူသိမခံဝံ့အောင်လုပ်နေကြတယ်မှတ်လား။ သိသွားရင်အဖမ်းတောင်ခံရဦးမယ်မှတ်လား။ ဒီတော့ ဆေးခန်းသွားပြီးဘယ်သူက ဆေးသွားစစ်ကြမလဲ။ စစ်ရဲကြမလဲ။ ဘယ်လိုမျက်လုံးမျိုးတွေနဲ့ကြည့်ကြမလဲ။

နေစမ်းပါဦး 'ကျုမ'မေးပါဦးမယ်။ ဖောက်ပြန်တယ်ပဲထားပါတော့။ ဖောက်ပြန်တာချင်းအတူတူ ကြိတ်ပြီးဖောက်ပြန်နေတာနဲ့၊ ပေါ်တင်ဖောက်ပြန်တာ ဘယ်သူကသာသလဲ။ ဖောက်ပြန်တာချင်းအတူတူဟိုက ကလိမ်ကကျစ်နည်းနဲ့ဖောက်ပြန်နေတာမှတ်လား။ လိင်ဆက်ဆံကြတာချင်းအတူတူ ဘာလို့'ကျုမ'တို့ကိုမကောင်းတဲ့သူ၊ ပျက်စီးနေတဲ့သူတွေအဖြစ်မြင်ကြရတာလဲ။ သတ်မှတ်ရတာလဲ၊ ဝိုင်းကဲ့ရဲ့ရတာလဲ။ ရှုံ့ချရတာလဲ။ သူတို့လည်း လိင်မဆက်ဆံဘဲနေကြလို့လား။ သူတို့က ကိုယ့်ကိုသတ်မှတ်ပေးတဲ့တစ်ယောက်နဲ့ပဲအမြဲဆက်ဆံနေရလို့ 'ကျုမ'တို့ကိုမနာလိုတာလား။ ဒါကြောင့်မို့ 'ကျုမ'တို့ကိုလူတစ်ယောက်အဖြစ်တောင်ရပ်တည်ခွင့်မပေးဘဲ ဝိုင်းနှိပ်ကွပ်ထားကြတာလား။

ရှင်ကြည့်ကြည့် လူတွေကဘယ်လောက်တောင် မတော်မတရားလုပ်ကြလဲဆိုတာ။ အခုအင်တာနက်ပေါ်မှာရှိတဲ့ မင်းသမီးကားတွေကိုဘာပြောကြသလဲ။ ရှက်လုံမရှိအောင်ဝိုင်း

www.burmeseclassic.com



ပြောကြတယ်မဟုတ်လား။ အင်တာနက်ပေါ်အတင်ခံရတဲ့မိန်းကလေးကျတော့ပြောပြီး ယောကျ်ားလေးကိုတော့ဘာလို့မပြောကြသလဲ။ မင်းသမီးက သူ့ဘာသာသူနာမည်ကြီးချင်လို့ တင်တာပဲဖြစ်ဖြစ်၊ သူကရောမင်းသမီးဖြစ်တာနဲ့ လိင်မဆက်ဆံရတော့ဘူးလား။ ဆက်ဆံလို့ မရဘူးလား။ ဒီလိုဆက်ဆံတာဖောက်ပြန်တာလား။ ဒီလိုမျိုးမိန်းကလေးရဲ့အရှက်ကိုခွဲဖို့ အင်တာနက်ပေါ်တင်တဲ့ယောကျ်ားတစ်ယောက်ရဲ့စိတ်ဓာတ်ကိုရော ဘာလို့ဘာမှမပြောကြတာလဲ။ ပြောမယ်ဆိုရင်လည်းမျှမျှတတဖြစ်အောင်ပြောရမယ်မှတ်လား။ အဲဒီယောကျ်ားတစ်ယောက်ရဲ့စိတ်ဓာတ်ကဘယ်လိုစိတ်ဓာတ်မျိုးဆိုတာ ဘယ်သူမှမစဉ်းစားကြတော့ဘူးလား။ စဉ်းစားစရာမလိုတာလား။ တော်တော်တရားကျဖို့ကောင်းတဲ့လူတွေ။

BURMESE CLASSIC

ထားပါလေ။ 'ကျမ'ပြောချင်တာကိုယ်ကိုယ်တိုင်ကလွန်ဆန်နိုင်တာမဟုတ်ဘဲ ဘာလို့ တခြားသူတွေကိုလိုက်ကဲ့ရဲ့ရှုတ်ချနေရတာလဲ။ 'ကျမ'ပြောချင်တာက ဘာလို့'ကျမ'တို့ကို ဝိုင်းပယ်ကြရတာလဲ။ 'ကျမ'တို့လည်းလူတစ်ယောက်။ လူတစ်ယောက်ရဲ့အခွင့်အရေးရှိသင့်တယ်မှတ်လား။ ဒါကိုပဲဘာလို့ လူ့အခွင့်အရေးလို့အော်ပြီး သူတို့ကိုယ်တိုင် လူတစ်ယောက်ရဲ့ အခွင့်အရေးကိုမပေးရတာလဲ။ လူတစ်ယောက်နဲ့တစ်ယောက်ချစ်ခင်ဖို့၊ လေးစားဖို့၊ သင်ကြားနေကြတယ်မှတ်လား။ ဒါနဲ့များလူတစ်ယောက်ကို လူလိုမဆက်ဆံကြရတာလဲ။ ဒါ'ကျမ'ရဲ့မကျေနပ်ချက်တွေလို့ ရှင်ထင်လား။ 'ကျမ'စဉ်းစားလို့မရခဲ့တဲ့ဟာတွေပါ။

တကယ်လို့ OH MY GOD ထဲကလိုသူ့ဆိုင်ပြိုသွားလို့ဘုရားသခင်ကို တရားစွဲတယ်ဆိုရင်၊ 'ကျမ'ကရောဘယ်သူ့ကိုတရားစွဲသင့်တယ်ထင်လဲ။ ဆိုင်ချင်မှတော့ဆိုင်မယ်။ တကယ်တမ်းစွဲမယ်ဆိုရင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို စွဲရမယ်မဟုတ်လား။ လူတစ်ယောက်ရဲ့ဆန္ဒကို အတင်းချုပ်တီးခိုင်းခဲ့တဲ့အတွက်ကော၊ လိင်ကိစ္စကိုပညာမပေးဘဲ ရှက်စရာတစ်ခုအဖြစ်ပဲသင်ကြားပေးခဲ့တဲ့အတွက်ကော၊ မိန်းမတစ်ယောက်ကို မိန်းမတစ်ယောက်အဖြစ်ဖြစ်တည် ရှင်သန်ခွင့်မပေးခဲ့တဲ့အတွက်ကော။ ဩော် . . . မိန်းမတစ်ယောက်အဖြစ်ဆိုလို့ ပြောရဦးမယ်။ 'ကျမ'ပြောတာ မိန်းမတစ်ယောက်အဖြစ်ဆိုတာယောကျ်ားတွေနဲ့တန်းတူအခွင့်အရေးရဖို့ကိုပြောတာမဟုတ်ဘူးနော်။

မိန်းမတစ်ယောက်က မိန်းမတစ်ယောက်အဖြစ်ရပ်တည်နိုင်ဖို့ကိုပြောတာ။ လူတွေကပြောကြတယ်မှတ်လား။ မိန်းမတွေကယောကျ်ားတွေထက်တဏှာကြီးတယ်ဆိုတာလေ။ 'ကျမ'ပြောချင်တာ မိန်းမတစ်ယောက်ကိုယောကျ်ားတွေ ဘယ်လောက်များနားလည်ပေးဖို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကအဲလိုပြောပြီး မိန်းမတစ်ယောက်ရဲ့ဆန္ဒကိုဖြည့်ဆည်းပေးဖို့ သူတို့ဘယ်လောက်ကြိုးစားခဲ့ဖူးလို့လဲ။ မိန်းမတွေကိုထိန်းချုပ်ဖို့ပဲ သူတို့ကြိုးစားခဲ့ကြတယ်မဟုတ်လား။ ဒီအတွက်လည်း မိန်းမတွေကပြန်ပြီးလက်စားချေနေကြတယ်မဟုတ်လား။ ယောကျ်ားတစ်ယောက်ရဲ့ လွတ်လွတ်လပ်လပ်နေချင်တဲ့စိတ်ကို ချုပ်ကိုင်ထားကြတယ်မဟုတ်လား။ အဲဒီလိုတစ်ယောက်ရဲ့ဆူးနဲ့တစ်ယောက်ထိုးသတ်နေကြတယ်လေ။

ဒါတွေက 'ကျမ'အတွေ့အကြုံတွေပဲ။ 'ကျမ'ဆက်ဆံလာတဲ့တစ်လျှောက်လုံးမှာ မိန်းမတစ်ယောက်ရဲ့စိတ်ဆန္ဒကို နားလည်ပေးတဲ့ယောကျ်ားဆိုတာအတော့်ကိုရှားတယ်။ သူတို့သာလိင်အရသာကိုခံစားရတယ် ထင်နေတဲ့အတိုင်းပဲ။ ဒီအတွက်လည်း မိန်းမတွေကို သူတို့စိတ်ဆန္ဒဖြေဖို့အတွက် အရုပ်တစ်ခုလိုပဲသဘောထားကြတယ်။ 'ကျမ'ဆက်ဆံခဲ့ဖူးတဲ့သူတော်များများဟာ အိမ်ထောင်ရှိတယ်ဆိုတဲ့သူတွေချည်းပဲ။ အိမ်မှာရိုးအီသွားတဲ့အတွက် 'ကျမ'တို့ဆီလာကြတာ။ အကုန်ဒီအတိုင်းပဲ။ သူတို့မိန်းမတွေရဲ့ဘဝကို 'ကျမ'စဉ်းစားမိတယ်။ သူတို့တွေလိင်အရသာဆိုတာကို နည်းနည်းလေးတောင်မြည်းကြည့်ဖူးကြပါ့မလားဆိုတာ စဉ်းစားလို့မရဘူး။ တခြားဟာကိုမပြောနဲ့ ဒီစိတ်ဆန္ဒနဲ့သူတို့အိမ်ထောင်ပြုတဲ့လမ်းကိုရွေးချယ်ခဲ့ပေမယ့် တကယ်ပဲသူတို့ဆန္ဒပြည့်ဝခဲ့လား။ သူတို့ယောကျ်ားတွေက သူတို့ရဲ့လိင်စိတ်ဆန္ဒလေးကိုတောင် ပြည့်ဝအောင်ဖြည့်ပေးကြရဲ့လား။ လိင်အရသာဆိုတာကိုတောင် အပြည့်အဝမခံစားရဘဲသေဆုံးသွားတဲ့ မိန်းမတွေဘယ်လောက်များရှိလိုက်မလဲ။ 'ကျမ'ပြောတာဒါပဲ။ သူတို့က မိန်းမတစ်ယောက်ကိုတောင် မိန်းမတစ်ယောက်အဖြစ်လုံးလုံးရပ်တည်ခွင့်ရဖို့မပြောနဲ့ ဒီလိုစိတ်ဆန္ဒလေးကိုတောင်မှ ခံစားခွင့်မပေးချင်ကြဘူး။ သူတို့ရဲ့လိင်စိတ်ဖြေတဲ့အရုပ်တစ်ခု၊ ကလေးမွေးတဲ့စက်တစ်ခုအဖြစ်ပဲသဘောထားကြတာ။

ဒါကြောင့်မို့ ယောကျ်ားတွေကိုလည်းမိန်းမတွေကလက်စားပြန်ချေနေကြတာ။ 'ကျမ'အထင်တော့ မိန်းမတွေရဲ့ဆန္ဒကိုပြည့်ဝအောင် ယောကျ်ားတွေကဖြည့်ပေးသင့်တယ်။ မိန်းမတွေကလည်း ယောကျ်ားတွေလိုချင်တဲ့လွတ်လပ်မှုမျိုးကိုပြန်ပေးသင့်တယ်။ ဒါမှပဲတစ်ယောက်နဲ့တစ်ယောက်တင်းအားမရှိတော့မှာ။ 'ကျမ'ပြောတဲ့နည်းကကောင်းတယ် မှတ်လား။ ဒါကို ယောကျ်ားတွေနားမလည်နိုင်ဘူး။ မိန်းမတွေကိုတော့ သူတို့တစ်ဦးတည်းနဲ့ပဲဆက်ဆံ။ သူတို့ကျတော့ နေချင်သလိုနေချင်ကြတယ်။ လွတ်လပ်ချင်သလိုလွတ်လပ်ချင်ကြတယ်။ သိပ်အတ္တကြီးတဲ့လူတွေ။

www.burmeseclassic.com

www.burmeseclassic.com



'ကျမ'အိမ်ထောင်မပြုဖူးဘူးလို့ရှင်ထင်လို့လား။ 'ကျမ'တို့လိုလူတွေက ဝင်ငွေဖြောင့်တယ်လေ။ 'ကျမ'တို့လို လူမျိုးတွေကိုကပ်ချင်တဲ့ခပ်ချောချောကောင်လေးတွေအများကြီး။ 'ကျမ'လည်းမရင့်ကျက်သေးခင်မှာ အရမ်းချစ်မိတယ်ထင်တာပဲ။ ဒါကြောင့် အတူတူနေဖို့ ဆုံးဖြတ်ခဲ့တယ်။ 'ကျမ'လက်ထဲမှာလည်း ပိုက်ဆံအတော်စုမိပြီးပြီလေ။ အခန်းသပ်သပ်ငှားပြီး'ကျမ'တို့အတူနေကြတယ်။ စစချင်းမှာအရမ်းချစ်မဝဖြစ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း ဆက်ဆံလို့ကိုမဝကြဘူး။ သူ့အတွက်သေချာမသိပေမယ့် 'ကျမ'အတွက်တော့မရိုးနိုင်ဘူး။ သူကတော့စားနေကျကြောင်ဖားမို့လို့လားမသိဘူး။ ဒါပေမယ့် ဒါတွေဟာအချိန်ကြာလာတာနဲ့အမျှ အေးစက်လာတယ်။ နောက်ပိုင်းမှာ ဆက်ဆံတာတောင် တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ဘဲဆက်ဆံကြတယ်။ ဒီမှာတင်'ကျမ'နားလည်လိုက်တာက 'ကျမ' တို့ရဲ့စူးစမ်းချင်စိတ်ကုန်ခန်းသွားပြီဆိုတာပဲ။ ဆန္ဒအရသာဆက်ဆံနေကြပေမယ့် စိတ်ကူးကသပ်သပ်၊ ဆက်ဆံနေရတဲ့သူကသပ်သပ်ဖြစ်လာတယ်။ ဒီတော့တစ်ယောက်မျက်နှာတစ်ယောက်မကြည့်တော့ဘဲဆက်ဆံကြတယ်။ ဒီအတွက်လည်း ကိုယ့်ဆန္ဒတွေအပြည့်အဝရလားဆိုတော့မရပါဘူး။ ဒီအတွက်ငြီးငွေ့မှုတွေသာဖြစ်ပေါ်လာတယ်။ ဒီတော့ 'ကျမ'တို့ညှိနေစရာမလိုဘဲလမ်းခွဲလိုက်ကြတယ်။

'ကျမ'အတွက်တော့ဒီအတိုင်းပဲ။ ဒီလိုမျိုးတစ်ယောက်တည်းနဲ့ သီးသန့်နေချင်တဲ့အခါနေတယ်။ မနေချင်တော့တဲ့အခါ လွတ်လွတ်လပ်လပ်နေချင်သလိုနေတယ်။ လွတ်လွတ်လပ်လပ်နေရတာ အထီးကျန်လာတဲ့အခါ ခုနကလိုမျိုးတစ်ယောက်ယောက်ကိုရှာပြီးပြန်နေတယ်။ ဒီလိုမျိုးကျမက ဖြူကောင်ပေါင်းများစွာနဲ့ ပူးလိုက်ခွာလိုက်ပဲ။ ဒါပေမယ့် မမြင်ရတဲ့အရာတွေက ဒီရောဂါကြီးကို 'ကျမ'ဘဝဆီသယ်လာတယ်။ ဒီအတွက်နောင်တရလို့ပြောနေတာမဟုတ်ဘူးနော်။ ဒီဟာကိုတားဆီးနိုင်ဖို့ 'ကျမ'တို့မှာဘာအခွင့်အရေးမှမရှိတဲ့အကြောင်းပြောပြတာ။ 'ကျမ'သိလိုက်တဲ့အချိန်မှာပဲ အရမ်းကိုနောက်ကျသွားပြီ။ အဲဒီကြားထဲမှာ 'ကျမ'ဆီကနေလူပေါင်း ဘယ်လောက်တောင်ကူးဆက်သွားပြီလဲဆိုတာကို 'ကျမ' စဉ်းစားလို့မရဘူး။ 'ကျမ'တကယ့်ကိုစိတ်မကောင်းဘူး။ ယောကျ်ားတွေကလည်းခက်တယ်။ ဘယ်လိုပြောပြော ကွန်ဒုံးသုံးရမှာကိုလက်တွန့်ကြတယ်။ 'ကျမ'ဘယ်တတ်နိုင်မလဲ။ ဒါပေမယ့် 'ကျမ'ရောဂါ'ကျမ'သိတဲ့အချိန်မှာတော့ အတတ်နိုင်ဆုံးထိန်းချုပ်ခဲ့တယ်။ ဆင်ခြင်ခဲ့တယ်။ ဒီကိစ္စတွေကလည်းကျမအတွက်ဘာမှသိပ်မဟုတ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ လိုင်းအရ

www.burmeseclassic.com

www.burmeseclassic.com



သာကိုအတော်ကြီးကိုအပြည့်အဝခံစားခဲ့ရဖူးလို့ပဲ။

ဘယ်လောက်ထိခံစားခံရဖူးလဲဆိုရင် ယောကျ်ားသုံးယောက်နဲ့တစ်ပြိုင်တည်း 'ကျမ' ဆက်ဆံဖူးတယ်။ သူတို့တွေကလည်း မိန်းမတစ်ယောက်ရဲ့ဆန္ဒကိုအပြည့်အဝနားလည်နေကြတဲ့သူတွေပဲ။

ဒီလိုမျိုးအုပ်စုလိုက်အနေနဲ့ အကြိမ်များစွာ'ကျမ'နေခဲ့ဖူးပြီးပြီ။ ဒီလိုမျိုးအရသာတွေတောင် 'ကျမ'ခံစားဖူးပြီပဲ 'ကျမ'အတွက်ဒီကိစ္စတွေဟာ မထူးဆန်းတော့ပါဘူး။ ဒါကြောင့်မို့ 'ကျမ'ရဲ့ထိန်းချုပ်မှုမှာ ဘာတင်းအားမှမပါခဲ့ဘူး။

ထူစမ်းပါဦး။ 'ကျမ'ကိုထူပေးစမ်းပါ။ 'ကျမ'ကိုယ်'ကျမ'တောင် မထနိုင်လောက်အောင်အားနည်းနေပါလား။ 'ကျမ'နောက်မှာထိုင်။ ရှင့်ရင်ခွင်ထဲမှာ မှီချင်လို့ပါ။

'ကျမ'လက်တွေကိုကြည့်စမ်းပါ။

အရိုးခြောက်ရဲ့လက်ချောင်းတိုင်းပဲနော်။ အသားကလည်း အတော်ကြီးကိုဖြူစွတ်နေပြီး သွေးမရှိတော့တဲ့အတိုင်းပဲ။

'ကျမ'ဆံပင်တွေလည်း မွဲခြောက်လာသလိုပဲ။ ရှင့်ခန္ဓာကိုယ်လည်းအရိုးတွေချည်းပါပဲလား။ ဆရာဝန်လုပ်နေပြီး ဒီလောက်ကိုယ့်ကျန်းမာရေးကိုယ်ဂရုမစိုက်ရသလား။ နည်းနည်းပါးပါးလည်းအသက်ရှည်အောင်လုပ်ဦးမှပေါ့။

ပြောသာပြောတာ 'ကျမ'ကိုယ်တိုင်လည်းအသက်မရှည်ချင်တော့ပါဘူး။ မြန်မြန်သေဖို့တောင်ကျမဆုတောင်းမိတယ်။ ရှင့်ကိုယ်ငွေ့ကအရမ်းနွေးတယ်။ အသားကလည်းကျမထက်တောင်ပျော့သေးတယ်။ ဖြစ်နိုင်ရင်မြန်မြန်သေမယ့်ဆေးမျိုး ရှင့်ဆီကတောင်းမလို့စိတ်ကူးနေတာ။ ဘာလို့လဲဆိုတော့ သေပြီးနောက်မှာဘာရှိလဲဆိုတာ 'ကျမ'အရမ်း စိတ်ဝင်စားနေလို့။

ဒါပေမယ့် 'ကျမ'ပြန်လည်းကျမ်းမာချင်သေးတယ်။ တစ်ညလောက်ဖြစ်ဖြစ်ပေါ့။ ရှင်ဆန္ဒရှိမယ်ဆိုရင် ရှင့်ဆီလာအိပ်ချင်သေးတယ်။ ရှင်ဆန္ဒရှိမှပါ။ 'ကျမ'က 'ကျမ'ဆန္ဒရှိနေပေမယ့် တစ်ဖက်လူမသတီတဲ့ကိစ္စကိုအတင်းအကြပ်မလုပ်ဖူးပါဘူး။ မြူလည်း မမြူဆွယ်တတ်ဘူး။

မိုးတောင်လင်းတော့မယ်ထင်တယ်။ ရှင်လည်းညဂျူတီမဟုတ်ဘဲနဲ့ 'ကျမ'ကြောင့်ညဂျူတီကျသလိုဖြစ်နေပြီမှတ်လား။ ရှင်ပြန်ရင်ပြန်တော့လေ။ 'ကျမ'လည်း ပြောခွင့်နဲ့လို့လား မသိဘူး အတော်မောနေပြီ။ ခဏလောက်အိပ်ရင် ကောင်းမလားပဲ။ ကျမကိုပြန်လှဲပေးပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရှင်သွားရင်သွားပါတော့။ 'ကျမ'အခုအိပ်ပျော်သွားရင် နိုးချင်မှတောင်နိုးတော့မှာ။ 'ကျမ'သေတာကို ရှင်ထိုင်စောင့်နေလို့အလကားပဲ။ ရှင်ထွက်သွားရင် 'ကျမ'တစ်ယောက်တည်းအထီးကျန်မယ်ထင်နေသလား။ 'ကျမ'ရှင့်ကိုကျေးဇူးမတင်တော့ဘူးနော်။ ဒါပေမယ့် အခုလိုအချိန်မျိုးရှင့်ရင်ခွင်မှာ ခဏမှီခွင့်ရလို့ အရမ်းကြည်နူးမိတယ်။

ရှင်သွားတော့လေ . . .

နှုတ်ဆက်မနေနဲ့တော့ . . .

'ကျမ'အိပ်တော့မယ် . . .

www.burmeseclassic.com